# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁) – အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) – ရည်ရွယ်ချက် | ၂ |
| ၃။ | အခန်း (၃) – အသင်း၏ဗဟိုရုံးနှင့်ဗဟိုရုံးခွဲတည်နေရာ၊အလံ၊အထိမ်းအမှတ်တံဆိပ်၊ ရုံးတံဆိပ်နှင့်ရင်ထိုးတံဆိပ် | ၃ |
| ၄။ | အခန်း (၄) – အသင်းဖွဲ့စည်းခြင်း၊ | ၇ |
| ၅။ | အခန်း (၅) – အသင်းဝင်ဖြစ်ခြင်း၊ | ၇ |
| ၆။ | အခန်း (၆) – အသင်းဝင်နှင့်အရန်အသင်းဝင်၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ | ၈ |
| ၇။ | အခန်း (၇) – ဗဟိုအဖွဲ့၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးဘဏ္ဍာရေးမှူး၊တွဲဖက်ဘဏ္ဍာရေးမှူးတို့လုပ်ငန်းတာဝန်များ၊ | ၉ |
| ၈။ | အခန်း (၈) – ဗဟိုအဖွဲ့ဝင်လောင်းများအတွက်သတ်မှတ်အရည်အချင်းများ၊ | ၁၃ |
| ၉။ | အခန်း (၉) – ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊တိုင်းဒေသကြီး၊ပြည်နယ်၊ခရိုင်၊ မြို့နယ်၊သူနာပြုတက္ကသိုလ်နှင့်သူနာပြု သို့မဟုတ် သားဖွားသို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းအလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌတို့၏အရည်အချင်းများ၊ | ၁၃ |
| ၁၀။ | အခန်း (၁၀) – ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့်တိုင်းဒေသကြီး၊ပြည်နယ၊ခရိုင်၊မြို့နယ် သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟတ်သူနာပြု–သားဖွားသင်တန်း ကျောင်းအသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့်ရွေးချယ်တင်မြှောက်ခြင်း၊ | ၁၄ |
| ၁၁။ | အခန်း (၁၁) – ဗဟိုအဖွဲ့နှင့်ဗဟာအလုပ်အမှုဆောင်အဖွဲ့တုကိုဖွဲ့စည်းခြင်း၊ | ၂၀ |
| ၁၂။ | အခန်း (၁၂)– တိုင်းဒေသကြီး၊ပြည်နယ်၊ခရိုင်၊မြို့နယ်၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွား သို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအလုပ်အမှုဆောင်အဖွဲ့များကိုဖွဲ့စည်းခြင်း၊ | ၂၀ |
| ၁၃။ | အခန်း (၁၃) – အစားထိုးရွေးချယ်တာဝန်ပေးအပ်ခြင်း၊ | ၂၁ |
| ၁၄။ | အခန်း (၁၄) – လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ | ၂၂ |
| ၁၅။ | အခန်း (၁၅) – ညီလာခံနှင့်နှစ်ပတ်လည်အစည်းအဝေးများကျင်းပခြင်း၊ | ၂၃ |
| ၁၆။ | အခန်း (၁၆) – ဗဟိုအဖွဲ့ဝင်၊အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့်အသင်းဝင်အဖြစ်မှနှုတ်ထွက်ခြင်း၊ထုတ်ပယ်ခြင်း၊ ရပ်ဆိုင်းခြင်းနှင့်ရပ်စဲခြင်း၊ | ၂၆ |
| ၁၇။ | အခန်း (၁၇) – ဘဏ္ဍာရေး | ၂၇ |
| ၁၈။ | အခန်း (၁၈) – အထွေထွေ | ၂၈ |
| ၁၉။ | အခန်း (၁၉) – နောက်ဆက်တွဲနှင့်ပုံစံများ၊ | ၃၀ |

# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ **အမည်**

ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း (The Myanmar Nurse and Midwife Association) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

၂။ **အဓိပ္ပာယ်ဖော်ပြချက်**

ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက ရောက်စေရမည်။

(က) **အသင်း**ဆိုသည်မှာဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖွဲ့စည်းထားသောမြန်မာနိုင်ငံသူနာပြုနှင့်သား ဖွားအသင်း ကိုဆိုသည်။

(ခ) **ညီလာခံ**ဆိုသည်မှာ **အပိုဒ် ၄၅** အရ တက်ရောက်ခွင့်ရှိသည ညီလာခံကိုယ်စားလှယ်များဖြင့်**၄** နှစ်လျှင်တစ်ကြိမ်ကျင်းပသောညီလာခံကိုဆိုသည်။ယင်းစကားရပ်တွင်အထူးညီလာခံလည်းပါဝင် သည်။

(ဂ) **ညီလာခံကိုယ်စားလှယ်**ဆိုသည်မှာဗဟိုအဖွဲ့ဝင်များ၊ဗဟိုအလုပ်အမှုဆောင်များ၊တိုင်း ဒေသကြီး/ ပြည်နယ်အတွင်းရှိအသင်းများ၏ဥက္ကဋ္ဌများနှင့်တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အသင်းဝင်များထဲမှ အချိုးကျရွေးချယ် စေလွှတ်သော အသင်းဝင်များကိုဆိုသည်။

(ဃ) **နှစ်ပတ်လည်အစည်းအဝေး**ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းကလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်၊သူနာပြုသင်တန်းကျောင်း သို့မ ဟုတ် သားဖွားသင်တန်းကျောင်းသို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်း အသင်းများက လည်းကောင်း၊၁နှစ်လျှင်တစ်ကြိမ်ကျင်းပသောနှစ်ပတ်လည်အစည်းအဝေးကိုဆိုသည်။ ယင်းစကား ရပ်တွင် အထူးအစည်းအဝေးလည်းပါဝင်သည်။

(င) **ဗဟိုအဖွဲ့**ဆိုသည်မှာတိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်အသင်းဥက္ကဋ္ဌများ ညီလာခံမှရွေးချယ်လိုက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်အရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာမြန်မာနင်ငံသူနာပြုနှင့်သားဖွားအသင်း၏ဗဟာအလပ်အ မှုဆောင်အဖွဲ့ ကိုဆိုသည်။

(ဆ) **အသင်းဥက္ကဋ္ဌ** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ဗဟိုအဖွဲ့၏ဥက္ကဋ္ဌကိုဆိုသည်။

(ဇ) **အသင်းအတွင်းရေးမှူး**ဆိုသည်မှာမြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဗဟိုအဖွဲ့၏အတွင်း ရေးမှူးကိုဆိုသည်။

(ဈ) **တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်၊သူနာပြုသင်တန်းကျောင်း သို့မဟုတ်သားဖွားသင်တန်းကျောင်းသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း** ဆိုသည်မှာတိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ(ဗဟိုအဆင့်၊ခုတင်နှစ်ရာနှင့်အထက်)အသင်း၊ သနာပြုတက္ကသိုလ် ဆရာအသင်းနှင့် ကျောင်းသားအသင်း၊သူနာပြုသင်တန်းကျောင်း သို့မဟုတ် သားဖွားသင်တန်းကျောင်းသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းဆရာအသင်းနှင့် သင်တန်းသားအသင်းတို့ကိုဆိုသည်။

(ည) **အသင်းဝင်** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း၏ အသင်းဝင်တစ်ဦးဦးကိုဆိုသည်။ ယင်းစကား ရပ်တွင် ရာသက်ပန်အသင်းဝင်လည်းပါဝင်သည်။

(ဋ) **ရာသက်ပန်အသင်းဝင်**ဆိုသည်မှာ အသင်းဝင်အဖြစ် ၃ နှစ်ပြည့်ပြီး ရာသက်ပန်အသင်းဝင်အဖြစ် အသိအမှတ်ပြု ထားသည့်အသင်းဝင်ကိုဆိုသည်။

(ဌ) **အရန်အသင်းဝင်**ဆိုသည်မှာ သူနာပြုတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း သို့မဟုတ် သားဖွားသင်တန်း ကျောင်း သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းများမှ အသင်းဝင်ကျောင်းသားကိုဆိုသည်။

(ဍ) **သူနာပြု** ဆိုသည်မှာသတ်မှတထားသည့်အခြေခံသူနာပြုအတတ်ပညာကိုလေ့ကျင့်သင်ကြားတတ မြောက်အောင်မြင်ပြီးသည့်အပြင်မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီက အရည်အချင်းစစ်ဆေး အကဲဖြတ်၍ ကောင်စီ ဥပဒေအရ မှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်ရရှိပြီး သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းလုပ်ကိုင်သူကိုဆိုသည်။

(ဎ) **သားဖွား**ဆိုသည်မှာသတ်မှတထားသည့်အခြေခံသားဖွားအတတ်ပညာကိုလေ့ကျင့်သင်ကြားတတ မြောက်အောင်မြင်ပြီးသည့်အပြင်မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီကအရည်အချင်းစစ်ဆေး အကဖြတ်၍ ကောင်စီ ဥပဒေအရမှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်ရရပြီးသားဖွားအတတ်ပညာ ဖြင့် သားဖွားလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(ဏ) **မှတ်ပုံတင်**ဆိုသည်မှာ သတ်မှတ်ထားသည့် သူနာပြု သမဟုတ် သားဖွား သို့မဟုတ် သူနာပြု- သားဖွားသင်တန်း အောင်မြင်ပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေအရထုတ်ပေးသော သူနာပြုမှတ်ပုံတင် သို့မဟုတ် သားဖွားမှတ်ပုံတင် သို့မဟုတ် သူနာပြု-သားဖွားမှတ်ပုံတင်လက်မှတ ကိုဆိုသည်။

# အခန်း (၂)
# ရည်ရွယ်ချက်

၃။ **အသင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(က) နိုင်ငံတော်ကချမှတ်ထားသောကျန်းမာရေးဆိုင်ရာမူဝါဒများ၊လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်သူနာပြုနှင့်သားဖွားအင်အားစုတစ်ရပ်လုံးက တက်ကြွစွာပါဝင်ဆောင်ရွက်ရန်၊

(ခ) သူနာပြုနှင့်သားဖွားအတတ်ပညာကိုနိုင်ငံတကာအဆင့်နှင့်အညီစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တလမ်းမှ ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) သူနာပြုနှင့်သားဖွားတို့၏ ကျင့်ဝတ်သိက္ခာကို အစဉ်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် သူနာပြုနှင့်သားဖွား အတတ်ပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ရန်၊

(င) သူနာပြုနှင့်သားဖွားများ၏ လူမှုရေးကိစ္စများကို တတ်စွမ်းနိုင်သရွေ့ ကူညီပံ့ပိုးဆောင်ရွက်ရန်၊

(စ) သူနာပြုနှင့်သားဖွားအတတ်ပညာများဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(ဆ) သူနာပြုနှင့်သားဖွားများ၏ စည်းလုံးညီညွတ်မှု၊အပြန်အလှန်လေးစားမှု၊အချင်းချင်းကူညီရိုင်းပင်းမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုအလေ့အထများ လေ့ကျင့်ပျိုးထောင်ပေးရန်၊

(ဇ) မျိုးဆက်သစ်သူနာပြုနှင့်သားဖွားများအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကူညီပံ့ပိုးရန်၊

(ဈ) ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်၊

# အခန်း (၃)

## အသင်း၏ဗဟိုရုံးနှင့်ဗဟိုရုံးခ တည်နေရာ၊အလံ၊အထိမ်းအမှတ်တံဆိပ်၊ရုံးတံဆိပ်နှင့်ရင်ထိုးတံဆိပ်

၄။ အသင်း၏ဗဟိုရုံးနှင့်ဗဟိုရုံးခွဲတည်နေရာသည် ဗဟိုအဖွဲ့ကသတ်မှတ်သောနေရာဖြစ်သည်။

၅။ အသင်း၏အလံအရွယ်အစား၊အတိုင်းအတာနှင့် အရောင်တို့မှာအောက်ပါအတိုင်းဖြစ်သည်။



**အသင်း၏အလံ**

**အသင်း၏အလံနှင့်စပ်လျဉ်း၍ ရှင်းလငးချက်**

(က) အသင်း၏အလံသည် ထောင့်မှန်စတုဂံပုံဖြစ်ပြီး အလျား **၇၈** လက်မနှင့် အနံ **၅၄** လက်မရှိသည်။ အသုံးပြုမည့် အလံ၏အရွယ်အစားသည် ဖော်ပြပါအချိုးအတိုင်းဖြစ်ရမည်။

(ခ) အသင်း၏အလံအောက်ခံအရောင်မှာမိုးပြာရောင်ဖြစ်သည်။မိုးပြာရောင်သည်တည်ငြိမ်ခြင်းကိုရည်ညွှန်းသည်။

(ဂ) အသငး၏အလံအလယ်ဗဟိုတည့်တည့်တွင်အပြင်စက်ဝိုင်းအချင်း၁၆လက်မရှိသောအသင်း၏အထိမ်းအမှတ်တံဆိပ်ပါရှိ၍ယင်းအထိမ်းအမှတ်တံဆိပ်သည် သတ်မှတ်ပုံစံနှင့်ဆေးရောင်ခြယ်သမှုအတိုင်းအချိုးကျပုံစံဖြစ်သည်။

၆။ အသင်း၏ အထိမ်းအမှတ်တဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်–

**အသင်း၏အထမ်းအမှတ်တံဆိပ်**

**အသင်း၏အထိမ်းအမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ရှင်းလင်းချက်**

(က) အပြင်စက်ဝိုင်း၏အချင်းသည် ၂ လက်မရှိပြီး အတွင်းစက်ဝိုင်း၏ အချင်းသည် ၁.၅ လက်မရှိ၍ အနားကွပ်များမှာအဝါရောင်ဖြစ်သည်။မြန်မာနိုင်ငံမြေပုံသည် အတွင်းစက်ဝိုင်း၏အလယ်တွင်ရှိသည်။

(ခ) အတွင်းစက်ဝိုင်း၏ အောက်ခံအရောင်သည် အဖြူရောင်ဖြစ်ပြီး ပတ်လည်တွင် အဝါရောင်အနားကွပ်စက်ဝိုင်းနှစ်ဝိုင်း ပါရှိသည်။အဖြူရောင်သည် ဖြူစင်ခြင်း၊ ရိုးသားခြင်းတို့ကို ရည်ညွှန်းသည်။ စက်ဝိုင်း၏အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံမြေပုံသည် အစိမ်းရောင်ဖြစ်သည်။ မြန်မာနိုင်ငံမြေပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကိုယ်စားပြုပြီး အစိမ်းရောင်သည်အေးချမ်းသာယာခြင်းနှင့် စိမ်းလန်းစိုပြည်ခြင်းတို့ကို ရည်ညွှန်းသည်။

(ဂ) မြန်မာနိုင်ငံမြေပုံ၏အလယ်၌ ဝဲဘက်တွင်အနီရောင်မီးတောက်ပါရှိသော အဝါရောင်မီးခွက်ပါရှိသည်။ မီးခွက်နှင့် မီးတောက်သည် သူနာပြုနှင့်သားဖွားအတတ်ပညာကို ထာဝစဉ်ထွန်းပြောင်စေမည့် မီးရှူးတန်ဆောင်အလင်းရောင် အဖြစ်ရည်ညွှန်းသည်။ အဝါရောင်သည် ထွန်းတောက်ခြင်းကို ရည်ညွှန်းပြီး အနီရောင်သည် ရဲရင့်ပြတ်သားခြင်းကို ရည်ညွှန်းသည်။

(ဃ) အပြင်စက်ဝိုင်းနှင့် အတွင်းစက်ဝိုင်းအကြားတွင် အနီရောင်အောက်ခံထားပြီး စက်ဝိုင်း၏အပေါ်ပိုင်း၌ မြန်မာဘာသာဖြင့်**“မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း”** ဟူ၍လည်းကောင်း၊ စက်ဝိုင်း၏ အောက်ပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် **"MYANMAR NURSE AND MIDWIFE ASSOCIATION"** ဟူ၍လည်းကောင်း အဖြူရောင်ဖြင့်ရေးရမည်။ စာသားနှစ်ခုအကြား အလယ်ဗဟိုတစ်ဖက်တစ်ချက်စီတွင်ရှိသောကြယ်များသည်အဖြူရောင်ဖြစ်ပြီး မွန်မြတ်ဖြူစင်တောက် ပသောမေတ္တာကရုဏာပိုင်ရှင်သူနာပြုနှင့်သားဖွားများကိုရည်ညွှန်းသည်။

၇။ အသင်း၏ရုံးတံဆိပ်သည် အသင်း၏အထိမ်းအမှတ်တံဆိပ်အတိုင်းဖြစ်သည်။

**အသင်း၏ ရုံးတံဆိပ်**

၈။ အသင်း၏စာဝင်စာထွက်ရုံးတံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်။




**အသင်း၏စာဝင်စာထွက်ရုံးတံဆိပ်**

**(က) အသင်း၏ မြန်မာဘာသာ စာဝင်စာထွက်ရုံးတံဆိပ်နှင့် စပ်လျဉ်း၍ရှင်းလင်းချက်–**

(၁) အပြင်စက်ဝိုင်း၏ အချင်းသည် ၂ လက်မရှိပြီး အတွင်းစက်ဝိုင်း၏ အချင်းသည် **၁.၅** လက်မဖြစ်သည်။

(၂) အပြင်စက်ဝိုင်းနှင့်အတွင်းစက်ဝိုင်းအကြားအပေါ်ပိုင်းတွင် မြန်မာဘာသာဖြင့် **“မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း”**ဟူ၍လည်းကောင်း၊စက်ဝိုင်း၏အောက်ပိုင်းတွင်မြန်မာဘာသာဖြင့်အသင်းတည်ရှိရာမြို့အမည်ကိုလည်းကောင်းဖော်ပြ၍ ထိုစာသားနှစ်ခုအကြား အလယ်ဗဟို တစ်ဖက်တစ်ချက်စီ တွင် ကြယ်တစ်ပွင့်စီရှိသည်။

(၃) အတွင်းစက်ဝိုင်း၏ အလယ်တွင်စာအမှတ်နှင့်ရက်စွဲတို့ကို ဖော်ပြရမည်။

(ခ) **အသင်း၏ အင်္ဂလိပ်ဘာသာစာဝင်စာထွက် ရုံးတံဆိပ်နှင့်စပ်လျဥ်း၍ ရှင်းလင်းချက်**

(၁) အပြင်စက်ဝိုင်းသည်အချင်း ၂ လက်မရှိပြီး အတွင်းစက်ဝိုင်း၏အချင်းသည် ၁.၅ လက်မဖြစ်သည်။

(၂) အပြင်စက်ဝိုင်းနှင့် အတွင်းစက်ဝိုင်းအကြား အပေါ်ပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် "Myanmar Nurse and Midwife Association" ဟူ၍လည်းကောင်း၊ စက်ဝိုင်း၏အောက်ပိုင်းတွင်အင်္ဂလိပ်ဘာသာဖြင့်အသင်းတည်ရှိရာမြို့အမည်ကိုလည်း ကောင်းဖော်ပြ၍ ထိုစာသားနှစ်ခုအကြားအလယ်ဗဟိုတစ်ဖက်တစ်ချက်စီတွင် ကြယ်တစ်ပွင့်စီရှိသည်။

(၃) အတွင်းစက်ဝိုင်း၏အလယ်တွင် Letter No. နှင့် Date တို့ကို ဖော်ပြရမည်။

၉။ (က) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းများ၏ ရုံးတံဆိပ်သည် အသင်း၏အထိမ်းအမှတ်တံဆိပ် အတိုင်း ဖြစ်သည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းများ၏ စာဝင်စာထွက်ရုံးတံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်-




**တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြု သို့မဟုတ် သားဖွားသို့မဟုတ်သူနာပြုသားဖွားသင်တန်းကျောင်းအသင်းများ၏စာဝင်စာထွက်ရုံးတံဆိပ နှင့်စပ်လျဥ်း၍ရှင်းလင်းချက်**

(၁) အပြင်စက်ဝိုင်း၏အချင်းသည်၂ လကမရှိပြီးအတွင်းစက်ဝိုင်း၏အချင်းသည် **၁.၅** လက်မဖြစ်သည်။

(၂) အပြင်စက်ဝိုင်းနှင့်အတွင်းစက်ဝိုင်းအကြားအလယ်ဗဟိုတစ်ဖက်တစ်ချက်စီတွင် ကြယ်တစ်ပွင့်စီရှိပြီး အပေါ်ပိုင်း၌ မြန်မာဘာသာဖြင့် သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊

သူနာပြုတက္ကသိုလ်နှင့်သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်း သူနာပြုနှင့်သားဖွားအသင်းအမည်ကိုလည်းကောင်း၊အောက်ပိုင်း၌ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ် နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း၏တည်ရှိရာမြို့အမည်ကို လည်းကောင်း ဖော်ပြရမည်။

(၃) အတွင်းစက်ဝိုင်း၏အလယ်တွင် စာအမှတ်နှင့်ရက်စွဲတို့ကိုဖော်ပြရမည်။

၁၀။ အသင်း၏ရင်ထိုးတံဆိပ်သည် အောက်ပါအတိုင်း ဖြစ်သည်

**အသင်း၏ ရင်ထိုးတံဆိပ်**

**အသင်း၏ရင်ထိုးတံဆိပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းချက**

အသင်း၏ရင်ထိုးတံဆိပ်သည်အသင်း၏ အထိမ်းအမှတ်တံဆိပ်နှင့်အရွယ်အစားအတိုင်းဖြစ်သည်။

## အခန်း (၄)

## အသင်းဖွဲ့စည်းခြင်း

၁၁။ အသင်းကို သူနာပြုနှင့်သားဖွားကောင်စီဥပဒေအရထုတ်ပေးသော သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားမှတ်ပုံတင်ရရှိသည့်အသင်းဝင်များဖြင့်လည်းကောင်း၊ သူနာပြုတက္ကသိုလ်ကျောင်းသားအရန်အသင်းဝင်များနှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းသား အရန်အသင်းဝင်များဖြင့်လည်းကောင်း ဖွဲ့စည်းသည်။

၁၂။ (က) အသင်းကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း(ဗဟို)၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ ဆေးရုံ၊ သူနာပြု တက္ကသိုလ် သူနာပြုနှင့်သားဖွားအသင်း(ဆရာအသင်းနှင့်ကျောင်းသားအသင်း)နင့်သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်း သူနာပြုနှင့်သားဖွားအသင်း (ဆရာအသင်းနှင့်သင်တန်းသားအသင်း) ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းသည်။

(ခ) မြို့နယ်အဆင့်နှင့်ဌာနဆိုင်ရာဖွဲ့စည်းပုံအရအနည်းဆုံးအသင်းဝင်၅ဦးရှိလျှင် အသင်းဖွဲ့စည်းနိုင်သည်။ အသင်းတစ်သင်းဖွဲ့စည်းနိုင်ရန်ဖွဲ့စည်းပုံအရသတ်မှတ်ဦးရေမပြည့်မီပါကနီးစပ်ရာမြို့နယ်၊ဆေးရုံအသင်းများ နှင့် ပေါင်းစပ်ဖွဲ့စည်းနိုင်သည်။

၁၃။ ဗဟိုအဖွဲ့သည်အသင်း၏အကျိုးစီးပွားတိုးတက်စေရန်ထူးခြားစွာဆောင်ရွက်သည့်ပုဂ္ဂိုလ်များကိုဂုဏ်ထူးဆောင် အသင်းဝင် အဖြစ် ပါဝင်ဖွဲ့စည်းနိုင်သည်။

# အခန်း(၅)

# အသင်းဝင်ဖြစ်ခြင်း

၁၄။ အောက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်သူတစ်ဦးဦးသည် အသင်းသို့ဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည် -

(က) နိုင်ငံသားဖြစ်ခြင်း၊

(ခ) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေအရထုတ်ပေးသော သူနာပြုမှတ်ပုံတင် သို့မဟုတ် သားဖွားမှတ်ပုံတင် သို့မဟုတ် သူနာပြု-သားဖွားမှတ်ပုံတင်လက်မှတ်ရရှိသူဖြစ်ခြင်း၊

(ဂ) သူနာပြုတက္ကသိုလ်ကျောင်းသားများနှင့်နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်မှခွင့်ပြုထားသော ပုဂ္ဂလိက သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းများမှ ကျောင်းသားများ ဖြစ်ခြင်း၊

၁၅။ (က) အသင်းသို့ဝင်ခွင့်ပြုရန်လျှောက်ထားလိုသူသည်မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဝင်ခွင့်လျှောက လွှာ **(ပုံစံ-၁)** တွင် ပြည့်စုံစွာဖြည့်သွင်း၍ အသင်းဝင်နှစ်ဦး၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ အရန်အသင်းဝင်အဖြစ် အသင်းဝင်ရန် လျှောက်ထားလိုသူသည်ဝင်ခွင့်လျှောက်လွှာ**(ပုံစံ-၃)**တွင် ပြည့်စုံစွာဖြည့်သွင်း၍အသင်းဝင်နှစ်ဦး၏ထောက်ခံချက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသုမဟုတ်သူနာပြု-သားဖွား သင်တန်း ကျောင်းအသင်းသို့ လျှောက်ထားရမည်။

(ခ) အသင်းဝင်အဖြစ်သက်တမ်း**၃**နှစ်ပြည့်ပြီးသူသည်ရာသက်ပန်အသင်းဝင်အဖြစ်လျှောက်ထားလပါ ကလျှောက်လွှာ**(ပုံစံ-၂)**တွင်ပြည့်စုံစွာဖြည့်သွင်း၍သက်ဆိုင်ရာအသင်းသို့လျှောက်ထားရမည်။

(ဂ) သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းသား များသည်သနာပြုနှင့်သားဖွားကောင်စီဥပဒေအရမှတ်ပုံတင်လက်မှတ်ရရှိပြီးလျှင်အရန်အသင်းဝင်အ ဖြစမှအသင်းဝင်အဖြစ်သို့လျှောက်ထားနိုင်သည်။သို့ရာတွင်၎င်းတို့အရန်အသင်းဝင်ဖြစ်ခဲ့သည့်ကာ လကိုအသင်းဝင်သက်တမ်းအဖြစ် ဖြည့်စွက်ရေတွက်ခြင်းမပြုရ။

၁၆။ အပိုဒ် ၁၅(က) အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့သည် လျှောက်လွှာတွင် သဘော ထားမှတ်ချက်ပြုပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ ပေးပို့ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် လျှောက်ထားသူအား အသင်းသို့ဝင်ခွင့်ပြု၊ မပြု ဆုံးဖြတ်ချက်ချပြီး အသင်းဝင်အဖြစ် ဝင်ခွင့်ပြုပါက **(ပုံစံ -၄)**ကတ်ပြားကိုလည်းကောင်း၊ရာသက်ပန်အသင်းဝင်အဖြစ် အသိအမှတ်ပြုပါက**(ပုံစံ၅)**ကတ်ပြားကိုလည်းကောင်း၊အရန်အသင်းဝင်အဖြစ်အသိအမှတ်ပြုပါက **(ပုံစံ-၆)** ကတ်ပြားကိုလည်းကောင်းသက်ဆိုင်ရာအသင်းမှတစ်ဆင့်ထုတ်ပေးနိုင်ရန် ဆောင်ရွက်ရမည်။

## အခန်း ( ၆ )

## အသင်းဝင်နှင့်အရန်အသင်းဝင်၏တာဝန်နှင့်ရပိုင်ခွင့်များ

၁၇။ အသင်းဝင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါရည်ရွယ်ချက်များနှင့်လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရေး အတွက် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(ခ) သူနာပြုနှင့်သားဖွားတို့၏ ကျင့်ဝတ်သိက္ခာကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) အသင်းဝင်တိုးပွားလာရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ထားသောနှစ်စဉ်ကြေးကို မှန်မှန်ပေးသွင်းခြင်း၊

(င) အသင်းဝင်အချင်းချင်း အပြန်အလှန်လေးစားခြင်းနှင့်ကူညီခြင်း၊

(စ) အသင်း၏ညွှန်ကြားချက်များနှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။

၁၈။ အသင်းဝင်နှင့်အရန်အသင်းဝင်၏ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အသင်း၏လုပ်ငန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြု သို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းများ၏လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းများက ကျင်းပသောအစည်းအဝေး များနှင့် ဆွေးနွေးပွဲ များတွင် တက်ရောက်ဆွေးနွေးပိုင်ခွင့်ရှိခြင်း၊

(ဂ) အသင်းဝင်များသည် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် စည်းမျဉ်း စည်းကမ်းများနှင့် အညီဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရှိခြင်း၊

(ဃ) အရန်အသင်းဝင်များသည် သက်ဆိုင်ရာအသင်း အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲတွင် စည်းမျဉ်းစည်းကမ်း များနှင့် အညီဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရှိခြင်း၊

(င) အသင်း၏တိုးတက်ရေးအတွက်လည်းကောင်း၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်း အသင်းများ၏ တိုးတက်ရေးအတွက် ဝေဖန်ဆွေးနွေး အကြံပြုချက်များကို တင်ပြပိုင်ခွင့်ရှိခြင်း၊

(စ) အသင်းဝင်သက်တမ်း၃နှစ်ပြည့်ပြီးပါကရာသက်ပန်အသင်းဝင်အဖြစ်အသိအမှတ်ပြုရန် လျှောက ထားခွင့်ရှိခြင်း။

(ဆ) အရန်အသင်းဝင်များသည် သူနာပြုနှင့် သားဖွားကောင်စီဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိပြီးလျှင် အသင်းဝင်အဖြစ် လျှောက်ထားခွင့်ရှိခြင်း၊

## အခန်း ( ၇ )

## ဗဟိုအဖွဲ့၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ဘဏ္ဍာရေးမှူးနှင့်တွဲဖက်ဘဏ္ဍာရေးမှူးတို့၏လုပ်ငန်းတာဝန်များ

၁၉။ ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် --

(က) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းကိုတာဝန်ခံခြင်း၊

(ခ) အသင်း၏ရည်ရွယ်ချက်များအောင်မြင်စေရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်း အသင်းများကို ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(ဂ) သူနာပြုနှင့်သားဖွားများ၏အတတ်ပညာနှင့်လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးတိုးတက မြင့်မားစေရန်သက်ဆိုင် ရာလုပ်ငန်းအဖွဲ့များကု ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(ဃ) ညီလာခံနှင့်နှစ်ပတ်လည်အစည်းအဝေးကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး အတွက်ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(င) အသင်းပိုင်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်ငွေကြေးများကိုဖြစ်စေ၊ ပြည်တွင်းပြည်ပမှလှူဒါန်းသောပစ္စည်းနှင့်ငွေကြေးများကိုဖြစ်စေ စနစ်တကျထိန်းသိမ်းစောင့်ရှောက ခြင်း၊ ဖြန့်ဝေခြင်း၊ သုံးစွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) သူနာပြုနှင့်သားဖွားဆင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သနာပြုနှင့်သားဖွားအတတ်ပညာတိုးတက်ရေးအတွက်သူနာပြု၊သားဖွားနှင့်နီးနွယ်သောအပြည်ပြည် ဆိုင်ရာသူနာပြု၊သားဖွားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွကခြင်း၊

(ဇ) ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက်ထူးချွန်စွာတာဝန်ထမ်းဆောင်သောသူနာပြုနှင့်သား ဖွားများကိုလည်းကောင်း၊သူနာပြုနှင့်သားဖွားအတတ်ပညာထူးချွန်သူများကိုလည်းကောင်းဂုဏ်ပြုမှတ် တမ်းတင်၍ လိုအပ် သလိုဆုချီးမြှင့်ခြင်း၊

(ဈ) အသင်းနှင့်သက်ဆိုင်သည့် လိုအပ်သောညွှန်ကြားချက်များထုတ်ပြန်ခြင်း။

၂၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် --

(က) အသင်းနှင့်ဗဟိုအဖွဲ့ကို တာဝန်ခံခြင်း၊

(ခ) အသင်း၏ရည်ရွယ်ချက်များအောင်မြင်စေရန် တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသိုမဟုတ် သားဖွား သို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းအလုပ်အမှုဆောင်အဖွဲ့များ၏လုပ်ငန်း တာဝန်များကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့်သတ်မှတ်ခြင်း၊

(ဃ) အသင်းနှင့်တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ်

သားဖွားသို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းများ၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ဆောင်ရွက်ချက်များကိုအနီးကပ်ဆုံးဗဟိုအဖွဲ့အစည်းအဝေးတွင်တင်ပြ၍အတည်ပြု ချက်ရယူခြင်း၊

(စ) အသင်း၏ရုံးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(ဆ) အသင်းဝင်ကြေး၊နှစ်စဉ်ကြေးနှင့်ရာသက်ပန်အသင်းဝင်ကြေးများကိုအသင်း၏ညီလာခံကအခါအားလျော်စွာပြောင်းလဲသတ်မှတ်နိုင်ရန် ဗဟိုအဖွဲ့သို့တင်ပြခြင်း၊

(ဇ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သက်တမ်းကုန်ဆုံးသည့်အခါ အသစ်ဖွဲ့စည်းသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့အားလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရက်ပေါင်း ၃၀ အတွင်းစနစ်တကျလွှဲပြောင်းခြင်း၊

(ဈ) အသင်းပိုင်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်ငွေကြေးများ ကိုဖြစ်စေ၊ ပြည်တွင်းပြည်ပမှလှူဒါန်းရရှိသောပစ္စည်းနှင့်ငွေကြေးများကိုဖြစ်စေ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖြန့်ဝေခြင်း၊ သုံးစွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) မိမိလက်အောက်ရှိလုပ်ငန်းအဖွဲ့အသီးသီး၏လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေ အနေများက ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(ဋ) သူနာပြုအေးရိပ်ငြိမ်နှင့်သားဖွားခန်းတို့ကို ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(ဌ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွဲဖက်ဆောင်ရွက်ရသောစီမံကိန်း၊စီမံချက်လုပ်ငန်း (Project) များကိုကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း၊

(ဍ) ဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ဘဏ္ဍာရေးမှူး၊တို့၏ကိစ္စတစ်ရပ်အတွက်အသေးသုံးငွေကိုဗဟိုအလုပ်အမှုဆောင်အဖွဲ့ကအခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

၂၁။ (က) အသင်းဥက္ကဋ္ဌ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ဥက္ကဋ္ဌသည် အသင်းကိုကိုယ်စားပြုခြင်း၊

(၂) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကဆုံးဖြတ်ပြီးသောလုပ်ငန်းရပ်များပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်ရန်နှင့် ဗဟိုအလုပ်အမှုဆောအဖွဲ့ဝင်များအားကြီးကြပ်ခြင်း၊

(၃) ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ဆက်စပ်လျက်ရှိသောအချက်အလက်များကိုကြိုတင်ကြံဆထားခြင်း၊

(၄) အစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ်ဆောင်ရွက်ခြင်း၊

(၅) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏လုပ်ငန်းစဉ်များ၊ သဘောတရားများ၊ ကြေညာချက်များကိုဆုံးဖြတ်ချက်အတိုင်းထုတ်ပြန်ကြေညာခြင်း၊

(ခ) အသင်း ဒုတိယဥက္ကဋ္ဌများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ဥက္ကဋ္ဌကယာယီတာဝန်မထမ်းဆောင်နိုင်သောအခါဥက္ကဋ္ဌ၏တာဝန်များကိုပူးတွဲထမ်းဆောင်ခြင်း၊ထိုသို့ထမ်းဆောင်ရာတွင်ဒုတိယဥက္ကဋ္ဌများ၏ အမှတ်စဉ်အလိုက်ထမ်းဆောင်ခြင်း၊

(၂) ဥက္ကဋ္ဌ၏တာဝန်ဝတ္တရားများကို ကူညီဆောင်ရွက်ခြင်း၊

(ဂ) အသင်းအတွင်းရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) အသင်းတည်တံ့ခိုင်မြဲရေးနှင့်ရည်ရွယ်ချက်များအောင်မြင်ရေးအတွက်ဆောင်ရွက်ရန်ကိစ္စများကိုစီမံခန့်ခွဲခြင်း၊

(၂) အသင်း၏စာရွက်စာတမ်းများ၊အသင်းပိုင်ပစ္စည်းများကိုအစဉ်အမြဲဂရုပြုထိန်းသိမ်းခြင်း၊

(၃) ဥက္ကဋ္ဌအား လိုအပ်သလိုအကြံပေးခြင်း၊

(၄) အသင်း၏စာဝင်စာထွက်ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၅) အစည်းအဝေးတိုင်းတွင် အခမ်းအနားမှူးနှင့်မှတ်တမ်းတင်သူအဖြစ်ဆောင်ရွက်ခြင်း၊

(၆) အစည်းအဝေး၌ဆွေးနွေးမည့်အစီအစဉ်များကို ဥက္ကဋ္ဌနှင့်ညှိနှိုင်း၍ကြိုတင်ရေးဆွဲထားခြင်း၊

(၇) အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ၍ ဗဟိုအလုပ်အမဆောင်အဖွဲ့၏အတည်ပြုချက်ကိုရယူခြင်း၊

(၈) ယခင်အစည်းအဝေးဆုံးဖြတ်ချက်အကောင်အထည်ဖော်ဆောင် ရွက်ပြီးစီးမှုအခြေအနေကိုနောက်အစည်းအဝေး၌တင်ပြခြင်း၊

(၉) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကိုရေးသား ခြင်း၊ တင်သွင်းခြင်း၊ အတည်ပြုချက်ရယူခြင်း၊

(၁၀) အသင်း၏ရည်ရွယ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကိုမျက်ခြေမပြတ်စေဘဲ အစဉ်သတိပြုဆောင်ရွက်ခြင်း၊

(ဃ) အသင်း တွဲဖက်အတွင်းရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အတွင်းရေးမှူးမရှိသောအခါ အတွင်းရေးမှူး၏တာဝန်ကို ထမ်းဆောင်ခြင်း၊

(၂) အတွင်းရေးမှူး၏လုပ်ငန်းကိစ္စအဝဝကို အမြဲမပြတ်လေ့လာပြီးကူညီဆောင်ရွက်ခြင်း၊

(၃) အတွင်းရေးမှူးကခွဲဝေပေးသောအတွင်းရေးမှူး၏တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ခြင်း၊

(င) အသင်းဘဏ္ဍာရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်–

(၁) အသင်း၏အထွေထွေငွေစာရင်းကိစ္စများ၊ငွေစာရင်းများနှင့်သက်ဆိုင် သည့်စာရွက်စာတမ်းများ၊ မှတ်တမ်းများ၊ ဖိုင်တွဲများကိုထိန်းသိမ်းခြင်း၊

(၂) အသင်းအတွက်ရရှိသောငွေများကိုလက်ခံရရှိသည့်နေ့မှစ၍သက်ဆိုင်ရာဘဏ်သို့ ၃ ရက်အတွင်းအပ်နှံခြင်း၊

(၃) ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှခွင့်ပြုသည့်ငွေကို ထုတ်ပေးခြင်း၊

(၄) အသင်း၏ငွေစာရင်းစာအုပ်များ၌ဝင်ငွေထွက်ငွေမန်ကန်တိကျစွာရေးသွင်းခြင်းနှင့်စာရင်းစစ်ဆေးနိုင်ရန်လစဉ်ပြင်ဆင်ထားခြင်းရှိ/မရှိကိုကြီးကြပ်ခြင်း၊ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၌ဝင်ငွေ၊ထွက်ငွေစာရင်းရှင်းတမ်းကိုတင်ပြ၍အတည်ပြုချက်ရယူခြင်း၊

(၅) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်စာရင်းစစ်ကအတည်ပြုထားသောနှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့်စာရင်းစစ်၏အစီရင်ခံစာကိုနှစ်ပတ်လည်အစည်းအဝေးနှင့်ညီလာခံ၌ တင်ပြ၍အတည်ပြုချက်ရယူခြင်း၊

(၆) အသင်းအတွက်အရေးပေါ်သုံးစွဲရန်ကျပ်ငွေ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ)ထက်မပိုသောငွေကိုလက်ဝယ်ထားရှိခြင်း၊

(စ) အသင်းတွဲဖက်ဘဏ္ဍာရေးမှူး၏တာဝန်နှင့်လုပ်ပိုင် ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(၁) ဘဏ္ဍာရေးမှူးမရှိသောအခါ ဘဏ္ဍာရေးမှူး၏တာဝန်များကိုထမ်းဆောင်ခြင်း၊

(၂) ဘဏ္ဍာရေးမှူး၏လုပ်ငန်းကိစ္စအဝဝကို အမြဲမပြတ်လေ့လာကူညီဆောင်ရွက်ခြင်း၊

(၃) ဘဏ္ဍာရေးမှူးကခွဲဝေပေးသောဘဏ္ဍာရေးမှူး၏တာဝန်နှင့်ဝတ္တရားများကိုထမ်းဆောင်ခြင်း၊

## အခန်း ( ၈ )

## ဗဟိုအဖွဲ့ဝင်လောင်းများအတွက်သတ်မှတ်အရည်အချင်းများ

၂၂။ အသင်းဝင်သည်အောက်ပါသတ်မှတ်အရည်အချင်းများနှင့်ညီညွတ်ပါကဗဟိုအဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင်အဆင့်ရှိအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌများမှအပရာသက်ပန်အသင်းဝင်သက်တမ်း အနည်းဆုံးတစ်ဆက်တည်း ၅ နှစ်ရှိသူဖြစ်ခြင်း၊

(ခ) ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(ဂ) သူနာပြုနှင့်သားဖွားလုပ်ငန်းသို့မဟုတ် သူနာပြုနှင့်သားဖွားအတတ်ပညာ တိုးတက်ဖွံ့ဖြိုးရေးအတွက်စွမ်းဆောင်ခဲ့ သူဖြစ်ခြင်း၊

(ဃ) ဌာနဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခံရသူ (Dismiss) သို့မဟုတ် ရာထူးမှထုတ်ပယ် ခံရသူ(Removal) သို့မဟုတ် ရာထူးမှရပ်စဲခံရသူ (Termination) မဟုတ်ခြင်း၊

(င) သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေအရ အရေးယူအပြစ်ပေးခံရဖူးသူမဟုတ်ခြင်း၊

(စ) အသင်း၏ဖွဲ့စည်းပုံနှင့်အခြေခံစည်းမျဉ်းအပိုဒ် ၅၃၊ ၅၄၊ ၅၅ တို့အရ အသင်းဝင်အဖြစ်မှထုတ်ပယ်ခြင်း၊ ယာယီရပ်ဆိုင်းခြင်းနှင့် အလိုအလျောက်ရပ်စဲခြင်း ခံရဖူးသူမဟုတ်ခြင်း၊

# အခန်း ( ၉ )

## ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌတို့၏ အရည်အချင်းများ

၂၃။ (က) ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏သတ်မှတ်အရည်အချင်းများမှာအောက်ပါအတိုင်းဖြစ်သည် -

(၁) အစိုးရဌာနအဖွဲ့အစည်းတွင် အဆင့်မြင့်ရာထူးများ၌ သူနာပြုအရာရှိတာဝန် ထမ်းဆောင်ခဲ့ဖူးသူဖြစ်ခြင်း၊

(၂) အသင်း၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ခြင်း၊

(၃) အခန်း (၈)ပါ သတ်မှတ်အရည်အချင်းများနှင့်ညီညွတ်သူဖြစ်ခြင်း၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏သတ်မှတ် အရည်အချင်းများမှာ အောက်ပါ အတိုင်း ဖြစ်သည် --

(၁) အစိုးရဌာနအဖွဲ့အစည်းတွင်အဆင့်မြင့်ရာထူးများ၌သူနာပြုအရာရှိအဖြစ်တာဝန်ထမ်းဆောင ခဲ့ဖူးသူ သို့မဟုတ် တာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

(၂) တိုင်းဒေသကြီး/ပြည်နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်ခြင်း၊

(၃) ရာသက်ပန်အသင်းဝင်သက်တမ်း အနည်းဆုံး ၅ နှစ်ရှိသူဖြစ်ခြင်း၊

(၄) အပိုဒ်ခွဲငယ်(၂)၊(၃)တို့နှင့်ပတ်သက်၍သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရွေးချယ်တင် မြှောက်ရေး အဖွဲ့သည်သတ်မှတ်ချက်များကိုလျှော့ပေါ့စဉ်းစားဆောင်ရွက်နိုင်ခြင်း၊

(ဂ) ခရိုင်၊မြို့နယ်နှင့်ဆေးရုံအသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏သတ်မှတ်အရည်အချင်းမှာ အစိုးရဌာနအဖွဲ့ အစည်း တွင် အဆင့်မြင့်သူနာပြုအရာရှိ သို့မဟုတ မြို့နယ်သူနာပြုအဆင့်(၁) သို့မဟုတ် သူနာပြုဆရာ/ ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ် တာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

(ဃ) သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု-သားဖွား သင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၏ သတ်မှတ်အရည်အချင်းမှာအသင်း ရေးရာကိစ္စရပ်များကို စိတ်ပါဝင်စားပြီး ဦးဆောင်နိုင်သူ ဖြစ်ခြင်း၊

## အခန်း(၁၀)
## ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့်တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းများ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်ရွေးချယ်တင်မြှောက်ခြင်း

၂၄။ ဗဟိုအဖွဲ့၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည်ဗဟိုအဖွဲ့ဝင်သစ်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်နိုင်ရန်အောက်ပါဂုဏ်သရေရှိပုဂ္ဂိုလ်များပါဝင်သော ''ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့'' ကို ရွေးချယ်တင်မြှောက်ခံယူခြင်းမပြုသူ အဖွဲ့ဝင် **၅** ဦး မှ **၇** ဦးဖြင့် ညီလာ ခံမကျင်းပမီ **၆** လကြိုတင်၍ ညှိနှိုင်းဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(၁) ရာသက်ပန်အသင်းဝင် အငြိမ်းစားသူနာပြုအရာရှိ **၁** ဦး ဥက္ကဋ္ဌ

(၂) ရာသက်ပန်အသင်းဝင် အငြိမ်းစားသူနာပြု **၄** ဦး အဖွဲ့ဝင်

(၃) ရာသက်ပန်အသင်းဝင်အငြိမ်းစားသူနာပြု **၁** ဦး တွဲဖက်အတွင်းရေးမှူး

(၄) ရာသက်ပန်အသင်းဝင်အငြိမ်းစားသူနာပြုအရာရှိ **၁** ဦး အတွင်းရေးမှူး

### ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၂၅။ ဗဟာရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်ဗဟိုအဖွဲ့ဝင်များရွေးချယ်တင်မြှောက်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရမည်-

(က) ညီလာခံ၌ရွေးချယ်တင်မြှောက်ပွဲကျင်းပနိုင်ရန်လိုအပ်သည်တို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ကြိုတင်ညှိနှိုင်းခြင်း၊

(ခ) ညီလာခံရက်များအတွင်းရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်နေ့ရက်၊အချိန်၊ နေရာတို့ကိုညီလာခံ မတိုင်မီအနည်းဆုံး **၅** လကြိုတင်၍တိုင်း ဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြု တက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်း အသင်းများသို့ အကြောင်းကြားခြင်း၊

(ဂ) ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် အပိုဒ်(၂၂)ပါ သတ်မှတ်ချက်များနှင့်ညီညွတ်သော အသင်းဝင်များသည်ဗဟိုအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိကြောင်းကို တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ ဆေးရုံနှင့် သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း များသို့ ညီလာခံမတိုင်မီအနည်းဆုံး **၅** လ ကြိုတင်အကြောင်းကြားခြင်း၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံနှင့်သူနာပြုတက္ကသိုလ်အတွင်းရှိအပိုဒ် (၂၂) ပါ သတ်မှတ်ချက်များနှင့်ညီညွတ်သူများသည်ဗဟိုအဖွဲ့ဝင် အဖြစ်ရွေးချယ်တင်မြှောက်ခံလပါက အမည်စာရင်းတင်သွင်းလွှာ**(ပုံစံ-၇)** ကိုပြည့်စုံစွာဖြည့်စွက်၍ကိုယ်ရေးမှတ်တမ်း **(ပုံစံ-၈)** နှင့် အတူပူးတွဲလျက် ဗဟိုရေးချယ်တင်မြှောက် ရေးအဖွဲ့မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ ညီလာခံမတိုင်မီ အနည်းဆုံး **၃** လ ကြိုတင်ပေးပို့ရန်အကြောင်းကြားခြင်း၊

(င) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ ဆေးရုံသူနာပြုတက္ကသိုလ်နှင့်သူနာပြု သမဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်နိုင်ရန်အောက်ပါဂုဏ်သရေရှိ ပုဂ္ဂိုလ်များပါဝင်သော"တိုင်းဒေသကြီး /ပြည်နယ်၊ခရိုင်၊မြို့နယ်၊ ဆေးရုံသူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်း ရွေးချယ်တင် မြှောက်ရေးအဖွဲ့"ကို ရွေးချယ် တင်မြှောက်ခံယူခြင်းမပြုသူအဖွဲ့ဝင် ၅ ဦး ဖြင့် ညီလာခံမကျင်းပမီ ၅ လ ကြိုတင်၍ညှိနှိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၁) ရာသက်ပန်အသင်းဝင်အငြိမ်းစားသူနာပြု/သားဖွား ၁ ဦး ဥက္ကဋ္ဌ
(၂) ရာသက်ပန်အသင်းဝင်အငြိမ်းစားသူနာပြု/သားဖွား ၂ ဦး အဖွဲ့ဝင်
(၃) ရာသက်ပန်အသင်းဝင်အငြိမ်းစားသူနာပြု/သားဖွား ၁ ဦး တွဲဖက်အတွင်းရေးမှူး
(၄) ရာသက်ပန်အသင်းဝင်အငြိမ်းစားသူနာပြု/သားဖွား ၁ ဦး အတွင်းရေးမှူး

(စ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံသူနာပြုတက္ကသိုလ်နှင့် သူနာပြု သမဟုတ် သားဖွားသို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့များ ဖွဲ့စည်းရာတွင် ရာသကပန် အသင်းဝင် အငြိမ်းစားသူနာပြု/သားဖွားများအခက်အခဲရှိပါက အသင်းဝင်မဟုတ်သော ဂုဏ်သရေရှိပုဂ္ဂိုလ တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ်တာဝန်ပေး၍ရွေးချယ် တင်မြှောက် ခံယူခြင်းမပြုသူအသငးဝင် သူနာပြုနှင့် သားဖွားများဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံသူနာပြုတက္ကသိုလ်နှင့် သူနာပြု သမဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းများမှဗဟိုအဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံလိုကြောင်း ပေးပို့လာသော အမည်စာရင်းတင်သွင်းလွှာနှင့်ကိုယ်ရေးမှတ တမ်းများကို စိစစ်ပြီး **(ပုံစံ–၉)**တွင် ရေးသွင်းခြင်း၊

(ဇ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံသူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းများမှတက်ရောက်လာမည့်ညီလာခံကိုယ်စား လှယ်များစာရင်းကိုအသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံမှရယူ၍ စိစစ်ခြင်း၊

(ဈ) ဗဟိုအဖွဲ့ဝင်ရွေးချယ်တင်မြှောက်ပွဲသို့တက်ရောက်၍ဆန္ဒမဲပေးကြမည့်ညီလာခံကိုယ်စားလှယ် များအမည်စာရင်းကို မဲဆန္ဒရှင်စာရင်း **(ပုံစံ–၁၀)** ၌ထည့်သွင်းပြုစုခြင်း၊

(ည) ဗဟိုအဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံမည့်အသင်းဝင်များ၏အမည်စာရင်းကိုအက္ခရာစဉ်အလိုက် မဲဆန္ဒပြုလွှာ **(ပုံစံ–၁၁)**၌တန်းစီဇယားပြုစုခြင်း၊

(ဋ) ရွေးချယ်တင်မြှောက်ပေးရမည့် ဗဟိုအဖွဲ့ဝင်ဦးရေ ၂၁ ဦးနှင့် အရန်ဗဟိုအဖွဲ့ဝင်ဦးရေ ၇ ဦး၊စုစုပေါင်း ၂၈ ဦးကိုဆန္ဒမဲပေးကြမည့် ညီလာခံကိုယ်စားလှယ်များသိရှိနိုင်ရန် ကြိုတင်ရှင်းလင်း ကြေညာခြင်း၊

(၄) ရွေးချယ်တင်မြှောက်ခံမည့်ဗဟိုအဖွဲ့ဝင်လောင်းများ၏ကိုယ်ရေးမှတ်တမ်းများကို ဆန္ဒမဲပေးကြမည့် ညီလာခံ ကိုယ်စားလှယ်များ မြင်နိုင်သည့်နေရာတွင် ရွေးချယ်တင်မြှောက်ပွဲမတိုင်မီ ကြိုတင်ကြေညာထားခြင်း၊

(၃) ဗဟိုအဖွဲ့နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ကတိသစ္စာပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

၂၆။ ဗဟာရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်ဗဟိုအဖွဲ့ဝင်ရွေးချယ်တင်မြှောက်ခြင်းကို အောက်ပါအတိုင်းဆောင်ရွက် ရမည်–

(က) ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည်ဗဟိုအဖွဲ့ဝင်ရွေးချယ်တင်မြှောက်ပွဲသဘာပတိ အဖြစ်ဆောင်ရွက်ခြင်း၊

(ခ) ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့အတွင်းရေးမှူး သို့မဟုတ် တွဲဖက်အတွင်းရေးမှူးသည် ဗဟိုအဖွဲ့ဝင်ရွေးချယ် တင်မြှောက်ပွဲ၌ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ခြင်း၊

(ဂ) လက်ရှိတာဝန်ထမ်းဆောင်နေသောဗဟိုအလုပ်အမှုဆောင်များနှင့်အရန်ဗဟိုအလုပ်အမှုဆောင် များနှုတ်ထွက်ကြောင်း သဘာပတိမှကြေညာခြင်း၊

(ဃ) ရွေးချယ်တင်မြှောက်ပွဲကိုတရားမျှတပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ဗဟိုအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊

(စ) ရွေးချယ်တင်မြှောက်ပေးရမည့် ဗဟိုအဖွဲ့ဝင်ဦးရေ ၂၁ ဦးနှင့် အရန်ဗဟိုအဖွဲ့ဝင်ဦးရေ ၇ ဦး၊ စုစုပေါင်း ၂၈ ဦးကိုလည်းကောင်း ၊၎င်းဦးရေထက်ပိုပြီးရွေးချယ်ခြင်းမပြုကြရန်ကိုလည်း ကောင်း ညီလာခံကိုယ်စားလှယမဲဆန္ဒရှင်များအားရှင်းလင်းပြောကြားခြင်း၊

(ဆ) ရွေးချယ်တငမြှောက်ပေးရမည့်ဗဟိုအဖွဲ့ဝင်ဦးရေ၊အရန်ဗဟိုအဖွဲ့ဝင်ဦးရေနှင့်အရွေးချယ် ခံမည့်ပုဂ္ဂိုလ်ဦးရေတို့တူညီနေလျှင်ဖြစ်စေ၊အရွေးချယ်ခံမည့်ပုဂ္ဂိုလ်ဦးရေကလျော့နည်းနေလျှင်ဖြစ် စေ၊ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်မလိုဘဲမဲဆန္ဒပြုလွှာ**(ပုံစံ–၁၁)**တွင် အက္ခရာစဉ်အတိုင်းရေး သွင်းပြီးဗဟိုအဖွဲ့ဝင်နှင့်အရန်ဗဟိုအဖွဲ့ဝင်များအဖြစ်ရွေးချယ်ကြောင်းသဘာပတိကကြေညာခြင်း၊

(ဇ) ရွေးချယ်တင်မြှောက်ပေးရမည့်ဗဟိုအဖွဲ့ဝင်နှင့်အရန်ဗဟိုအဖွဲ့ဝင်ဦးရေထက်အရွေးချယ်ခမည့် ပုဂ္ဂိုလ်ဦးရေကများနေလျှင် ညီလာခံကိုယ်စားလှယ်များ၏ဆန္ဒမဲဖြင့် အဆုံးအဖြတ်ရယူခြင်း၊

(ဈ) ရွေးချယ်တင်မြှောက်ခံရပြီးသောဗဟိုအဖွဲ့ဝင် ၂၁ ဦးအနက် ဗဟိုအလုပ်အမှုဆောင် **၁၅** ဦးကို ၎င်းတို့အချင်းချင်းလျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ပြန်လည်ရွေးချယ်ခြင်း၊

(ည) မဲဆန္ဒပြုလွှာ**(ပုံစံ–၁၁)**တွင် မိမိထောက်ခံသူကို ထောက်ခံဆန္ဒပြု အမှတ်အသား ပြု၍ ဆန္ဒမပေးပုံပေးနည်းတို့ကိုဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့အတွင်းရေးမှူးကရှင်းလင်းပြော ကြားခြင်း၊

(ဋ) ညီလာခံကိုယ်စားလှယ်မဲဆန္ဒရှင်တစ်ဦးချင်း လက်မှတ်ရေးထိုးစေပြီး မဲဆန္ဒပြုလွှာ**(ပုံစံ– ၁၁)**ကိုထုတ်ပေးခြင်း၊

(ဌ) ညီလာခံကိုယ်စားလှယ်မဲဆန္ဒရှင်များက လျှို့ဝှက်ဆန္ဒပြုနိုင်ရန်သီးသန့်နေရာများနှင့်မြင်သာသော နေရာ၌ဆန္ဒမဲပုံးထားရှိပေးခြင်း၊

(ဍ) ညီလာခံကိုယ်စားလှယ်မဲဆန္ဒရှင်များလွတ်လပ်စွာမဲဆန္ဒပြု၍ဆန္ဒမဲပုံးထဲသို့ဆန္ဒမဲထည့်ဆောင ရွက်စေခြင်း၊

၂၇။ ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် ရွေးချယ်တင်မြှောက်ပွဲ၌ မဲဆန္ဒပြုလွှာများနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေများ တွေ့ရှိရပါက ''ပယ်မဲ''အဖြစ်သတ်မှတ်ရမည်-

(က) သတ်မှတ်ထားသောဗဟိုအဖွဲ့ဝင်ဦးရေနှင့်အရန်ဗဟိုအဖွဲ့ဝင်ဦးရေ စုစုပေါင်းထက်ပို၍ဆန္ဒပြုထားခြင်း၊

(ခ) မဲဆန္ဒပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးထားခြင်း၊ သိသာထင်ရှားသော အမှတ်အသား သို့မဟုတ် တစ်စတရာရေးသားပြုလုပ်ထားခြင်း၊

(ဂ) မဲဆန္ဒပြုလွှာကို အစွန်းအထင်းဖြစ်အောင်ပြုလုပ်ထားခြင်း၊

(ဃ) ဆန္ဒပြုရာတွင် မသဲမကွဲဆန္ဒပြုထားခြင်း၊

(င) ဆန္ဒပြုလွှာကို ဆုတ်ဖြဲထားခြင်း၊

(စ) မိမိဆန္ဒပြုလိုသူအမည်နှင့် တစ်တန်းတည်းရှိ ဆန္ဒပြုရမည့်နေရာထက်ကျော်လွန်ပြီး အမှတ်အသားပြုထားခြင်း၊

(ဆ) ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၏လက်မှတ်မပါရှိသောဆန္ဒပြုလွှာဖြစ်ခြင်း၊

## မဲရေတွက်ခြင်းနှင့်ရွေးချယ်တင်မြှောက်ခံရသူများ၏အမည်စာရင်း ကြေညာခြင်း။

၂၈။ ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်-

(က) ဆန္ဒမဲပေးသော ညီလာခံကိုယ်စားလှယ် မဲဆန္ဒရှင်စာရင်းနှင့် မဲအရေအတွက်ကိုက်ညီမှု ရှိ-မရှိ စိစစ်ခြင်း၊

(ခ) အများမြင်သာသောနေရာတွင် ဆန္ဒမဲများရေတွက်ခြင်း၊

(ဂ) ဆန္ဒမဲ အများအနည်းအလိုက် စာရင်းပြုစုခြင်း၊

(ဃ) ရွေးချယ်တင်မြှောက်ခံရသည့်ဗဟိုအဖွဲ့ဝင် **၂၁** ဦးနှင့် အရန်ဗဟိုအဖွဲ့ဝင် **၇** ဦး တို့၏အမည်စာရင်းကို **(ပုံစံ-၁၂)** ဖြင့်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏အမည်စာရင်းကို **(ပုံစံ-၁၃)**ဖြင့်လည်းကောင်း၊မဲအများအနည်းအလိုက်ပြုစုပြီးကြေညာခြင်း၊

(င) ရွေးချယ်တင်မြှောက်ခံရသောဗဟိုအဖွဲ့ဝင်များ၊အရန်ဗဟိုအဖွဲ့ဝင်များနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် များအားဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုစေခြင်း၊

(စ) ရွေးချယ်တင်မြှောက်ပွဲနှင့်သက်ဆိုင်သောမဲဆန္ဒပြုလွှာများ၊စာရွက်စာတမ်းများအားလုံးချိတ်တံဆိပ် ရိုက်နှိပ်ပြီးအသင်း၏အတွင်းရေးမှူးထံအပ်နှံခြင်း၊

၂၉။ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု- သားဖွားသင်တန်းကျောင်းအသင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ဆေးရုံနှင့်သူနာပြုတက္ကသိုလ်၊သူနာပြုသို့မဟုတ်သားဖွား သို့မဟုတ်သူနာပြု- သားဖွားသင်တန်းကျောင်းအသင်းများမှဗဟိုအဖွဲ့ဝင်အဖြစ်အရွေးချယ်ခံလိုသည့် အသင်းဝင်များသည် အမည်စာရင်း တင်သွင်းလွှာ **(ပုံစံ-၇)**ကို ပြည်စုံစွာဖြည့်စွက်၍ ကိုယ်ရေးမှတ်တမ်း**(ပုံစံ-၈)**နှင့်အတူပူးတွဲပြီးသက်ဆိုင်ရာရွေးချယ် တင်မြှောက်ရေးအဖွဲ့များမှတစ်ဆင့်ဗဟိုရွေးချယ် တင်မြှောက်ရေးအဖွဲ့မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ ညီလာခံမတိုင်မီ**၃** လကြိုတင်ပေးပို့စေခြင်း၊

(ခ) တိုင်းဒေသကြီး/ ပြည်နယရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်မည့်အကြောင်းကိုလည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု -သားဖွား သင်တန်း ကျောင်းအသင်းအလိုက် နှစ်ပတ်လည်အစည်းအဝေးနှင့်အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်နိုင်ရေး အတွက်လည်းကောင်း၊ အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနငှ့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် အနည်း ဆုံး ၄ လ ကြိုတအကြောင်းကြားခြင်း၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊ဆေးရုံ၊မြို့နယ်၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းဝင်များသည် မိမိတို့နှင့်သက်ဆိုင်ရာအသင်းများ၌ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံရန် ဆန္ဒရှိပါက အမည်စာရင်းတင်သွင်းလွှာ **(ပုံစံ-၇)**ကို ပြည၊စုံစွာဖြည့်စွက်၍ ကိုယ်ရေး မှတ်တမ်း**(ပုံစံ-၈)**နှင့်အတူပူးတွဲပြီး သက်ဆိုင်ရာအသင်းအလိုက်ရွေးချယ်တင်မြှောက်ရေး အဖွဲ့များသို့ နှစ်ပတ်လည် အစည်းအဝေးမတိုင်မီ အနည်းဆုံး ၁ လ ကြိုတင်၍တင်သွင်းစေခြင်း၊ တိုင်း ဒေသကြီး/ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့တွင်အသင်း၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း အခန်း(၉)၊ အပိုဒ် ၂၃ (ခ)၊(ဂ)၊(ဃ) အရသတ်မှတ်အရည်အချင်းနှင့် ညီညွတ်သူများကိုလည်းအရွေးချယ်ခံစေခြင်း၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အသငး ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်တိုင်းဒေသကြီး/ပြည်နယ် အလုပ်အမှုဆောသစ် ရွေးချယ်တင်မြှောက်မည့် အကြောင်း နှင့်နှစ်ပတ်လည်အစည်းအဝေးပြုလုပ်မည့် အကြောင်းကို မိမိတို့နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းရှိ အသင်းဝင်များသိရှိစေရန် ညီလာခံမတိုင်မီ ၂ လ ကြိုတင်အကြောင်းကြားခြင်း၊

(င) ခရိုင်အသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်ခရိုင်အသင်းအလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တမြှောက်

ပွဲနှင့်နှစ်ပတ်လည်အစည်းအဝေးကျင်းပမည့်အကြောင်းကိုမိမိတို့ခရိုင်အတွင်းရှိမြို့နယ်၊ဆေးရုံ၊သူနာပြု တက္ကသိုလနှင့် သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းများသို့ ညီလာခံမတိုင်မီ **၃** လ ကြိုတင်အကြောင်းကြားခြင်း၊

(စ) မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြုသို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု– သားဖွားသင်တန်းကျောင်းအသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့အသီးသီးသည်သက်ဆိုင်ရာအသင်း အလုပ်အမှုဆောင်အဖွဲ့ရွေးချယ် တင်မြှောက်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးတို့ကို ညီလာခံမတိုင်မီ **၄** လ ကြိုတင်ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု– သားဖွားသင်တန်းကျောင်းအသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့အသီးသီးသည်–

(၁) သက်ဆိုင်ရာအသင်းအလိုက် အလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ်ရွေးချယ်တင်မြှောက်ခံရန် တင်သွင်းလာသောအမည်စာရင်း တင်သွင်းလွှာ**(ပုံစံ–၇)**နှင့်ကိုယ်ရေးမှတ်တမ်း **(ပုံစံ–၈)** တို့ကို စိစစ်ခြင်း၊

(၂) သက်ဆိုင်ရာအသင်းအလိုက်အလုပ်အမှုဆောင်အဖွဲ့ဝင်လောင်းများ၏အမည်စာရင်းကို**(ပုံစံ– အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်ရွေးချယ်၉)**ဖြင့်ပြုစုခြင်း။သက်ဆိုင်ရာအသင်းအလိုက်နှစ်ပတ် လည်အစည်း အဝေး တက်ရောက်၍ တင်မြှောက်ရန် ဆန္ဒမဲပေးကြမည့်အသင်းဝင်များ၏ အမည်စာရင်းကို **(ပုံစံ–၁၀)**ဖြင့်ပြုစုခြင်း၊

(၃) သက်ဆိုင်ရာအသင်းအလိုက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံမည့် အသင်းဝင်များ၏အမည်စာရင်းကိုအသင်းဝင်အမှတ်စဉ်အလိုက်မဲဆန္ဒပြုလွှာ**(ပုံစံ–၁၁)**ဖြင့် တန်းစဇယားပြုစုခြင်း၊

(၄) သက်ဆိုင်ရာအသင်းအလိုက် ရွေးချယ်တင်မြှောက်ခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အရန်အလုပ်အမှု ဆောင်အဖွဲ့ဝင်များ၏အမည်စာရင်းကို **(ပုံစံ–၁၃)** ဖြင့်ပြုစုခြင်း၊ကြေညာခြင်း၊

(၅) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် ၂၂ မှ အပိုဒ် ၂၉ အထိ ပြဌာန်းချက်များနှင့်အညီ မိမိအသင်းနှင့်ဆလျော်သလို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၆) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊အရန်အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အစား ထိုးရွေးချယ်တာဝန် ပေးအပ်ခြင်းခံရသောအလုပ်အမှုဆောင်များအား သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုစေခြင်း၊

၃၀။ ဗဟိုအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ ဆေးရုံ၊ သူနာပြု တက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့ကိုလည်းကောင်း၊ရွေးချယ်တင်မြှောက်ရာတွင် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

၃၁။ ညီလာခံ၌ဗဟိုအဖွဲ့ဝင်ရွေး ချယ်တင်မြှောက်နိုင်ရေး အတွက်တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဆေးရုံ၊ သူနာပြုတက္ကသိုလ် နှင့် သူနာပြု သို့မဟုတ် သားဖွားသို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌတစ်ဦးစီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ အသင်းဝင် **၁၀** ဦးမှ **၅၀** ဦးလျှင် ကိုယ်စားလှယ် **၁** ဦး၊ **၅၁** ဦးမှ **၁၀၀** ဦးအထိ ကိုယ်စားလှယ် ၂ ဦး၊ **၁၀၁** ဦးမှ ၁၅၀ ဦးအထိ ကိုယ်စားလှယ် **၃** ဦး၊ **၁၅၁** ဦးနှင့်အထက် ကိုယ်စားလှယ **၄** ဦးကို ညီလာခံကိုယ်စားလှယ်များအဖြစ် ရွေးချယ်စေလွှတ်ရမည်။

## အခန်း ( ၁၁ )

## ဗဟိုအဖွဲ့နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ကို ဖွဲ့စည်းခြင်း

၃၂။ ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းထားရှိရမည်-

(က) ညီလာခံတင်ရွေးချယ်တင်မြှောက်ခြင်းခံရသောဗဟိုအလုပ်အမှုဆောင်**၁၅**ဦးနှင့် အရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် **၆** ဦး၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ၊

(ဂ) ခရိုင်အသင်းအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ၊

၃၃။ ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့သည်-

(က) ညီလာခမှရွေးချယ်တင်မြှောက်ခြင်းခံရသောဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်**၁၅**ဦးအား ခေတ္တအစည်းအဝေးထိုင်စေ၍၎င်းတို့အနက်မှဥက္ကဋ္ဌ**၁** ဦးကို အချင်းချင်းလျှို့ဝှက်မဲစနစ်ဖြင့်ရွေးချယ်စေရမည်။

(ခ) ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌသည် ဗဟိုအဖွဲ့ဥက္ကဋ္ဌဖြစ်ကြောင်း ကြေညာ ပေးရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌကဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ **၂** ဦး၊အတွင်းရေးမှူး **၁** ဦး၊တွဲဖက်အတွင်းရေးမှူး **၁** ဦး ၊ဘဏ္ဍာရေးမှူး **၁** ဦး၊တွဲဖက်ဘဏ္ဍာရေး **၁** ဦးတို့ကိုအလုပ် အမှုဆောင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းသတ်မှတ် တာဝန်ခွဲဝေစေရမည်။

(ဃ) ဗဟိုအဖွဲ့ဝင်များ၊ရွေးချယ်တင်မြှောက်ခံရသောဗဟိုအဖဝ့င်များနှင့်အစားထိုးရွေးချယ်တာဝန်ပေးအပ ခြင်းခရသော ဗဟိုအဖွဲ့ဝင်များ အား ဗဟိုရွေး ချယ်တင်မြှောက်ရေးအဖွဲ့ သဘာပတိရှေ့မှောကတွင် ကတိသစ္စာပြုစေရမည်။

# အခန်း ( ၁၂ )
# တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့များကိုဖွဲ့စည်းခြင်း

၃၄။ တိုင်းဒေသကြီး/ပြည်နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့ အသီးသီးကို --

(က) တိုင်းဒေသကြီး/ပြည်နယ်အသင်းနှစ်ပတ်လည်အစည်းအဝေးကရွေးချယ်တင်မြှောက်ပေးသော တိုင်းဒေသကြီး/ ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ၉ ဦးမှ ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။အရန်အလုပ်အမှုဆောင် အဖွဲ့ဝင် ၅ ဦးကိုလည်း ဆန္ဒမဲအများအနည်း အလက်ရွေးချယ်သတ်မှတ်၍ တန်းစီဇယားပြုစုထားပေးရမည်။

(ခ) အပိုဒ်ခွဲ (က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး/ပြည်နယ်အသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် များအား ခေတ္တအစည်းအဝေးထိုင်စေ၍ ၎င်းတို့အနက်မှဥက္ကဋ္ဌ ၁ ဦးကို အချင်းချင်းလျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ် ရမည်။တိုင်းဒေသကြီး/ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌကဦးဆောင်၍ အလုပ်အမှုဆောင်အဖွဲ့ ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ ၂ ဦး၊အတွင်းရေးမှူး ၁ ဦး၊တွဲဖက် အတွင်းရေးမှူး ၁ ဦး ၊ဘဏ္ဍာရေးမှူး ၁ ဦး၊ တွဲဖက်ဘဏ္ဍာရေးမှူး၁ဦးတို့ကုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်ညှိနှိုင်းသတ်မှတ်တာဝန်ခွဲဝေရမည်။

၃၅။ ခရိုင်အသင်းအလုပ်အမှုဆောင် အဖွဲ့အသီးသီးကို --

(က) ခရိုင်အသင်းနှစ်ပတ်လည်အစည်းအဝေးကရွေးချယ်တင်မြှောက်သောခရိုင်အသင်းအလုပ်အမှုဆောင အဖွဲ့ဝင် ၇ ဦးမှ ၁၁ ဦးအထိ ရွေးချယ်ဖွဲ့စည်းရမည်။အရန်အလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးကိုလည်း ဆန္ဒမဲအများအနည်း အလိုက် ရွေးချယ်သတ်မှတ်၍ တန်းစီဇယားပြုစုထားပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ခရိုင်အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ခေတ္တအစည်း အဝေးထိုင်စေ၍ ၎င်းတို့အနက်မှ ဥက္ကဋ္ဌ ၁ ဦးကို အချင်းချင်းလျှို့ဝှက်မဲပေးစနစ်ဖြင ရွေးခယ်ရမည်။အလုပ်အမှု ဆောင်အဖွဲ့ ဥက္ကဋ္ဌကဦးဆောင်၍ အလုပ်အမှုဆောင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ ၁ ဦး၊အတွင်းရေးမှူး ၁ ဦး၊ဘဏ္ဍာရေးမှူး ၁ ဦးတို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် ညှိနှိုင်းသတ်မှတ်တာဝန်ခွဲဝေရမည်။

၃၆။ မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်း ကျောင်း အသင်း အလုပ်အမှုဆောင်အဖွဲ့အသီးသီးကို -

(က) မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွား သင်တန်းကျောင်းအသင်းနှစ်ပတ်လည်အစည်းအဝေးကရွေးချယ်တင်မြှောက်သောအလုပ်အမ ဆောင် အဖွဲ့ဝင် ၅ ဦးမှ ၉ ဦးအထိ ရွေးချယ်ဖွဲ့စည်းရမည်။အရန်အလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးကိုလည်း ဆန္ဒမဲအများအနည်း အလိုက်ရွေးချယ် သတ်မှတ်၍ တန်းစီဇယား ပြုစုထားပေးရမည်။

(ခ) အပိုဒ်ခွဲ (က) အရရွေးချယ်တင်မြှောက်ခြင်း ခံရသောမြို့နယ်အသင်း၊ ဆေးရုံ၊ သူနာပြုတက္ကသုလ်နှင သူနာပြုသို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှု ဆောင်အဖွဲ့ဝင်များအားခေတ္တအစည်းအဝေးထိုင်စေ၍၎င်းတို့အနက်မှဥက္ကဋ္ဌ၁ဦးကိုအချင်းချင်းလျှို့ဝှက မဲပေးစနစ်ဖြင့်ရွေးချယ်ရမည်။အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌကဦးဆောင်၍ အလုပ်အမှုဆောင်အဖွဲ့ဝင် များအနက်မှ ဒုတိယဥက္ကဋ္ဌ ၁ ဦး၊ အတွင်းရေးမှူး ၁ ဦး၊ ဘဏ္ဍာရေးမှူး ၁ ဦး၊တို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်ညှိနှိုင်းသတ်မှတ် တာဝန်ခွဲဝေရမည်။

## အခန်း ( ၁၃ )

## အစားထိုး ရွေးချယ်တာဝန်ပေးအပ်ခြင်း

၃၇။ ဗဟိုအဖွဲ့သည် ဗဟိုအဖွဲ့ဝင်တစ်ဦးဦးလစ်လပ်သည့်အခါ ထိုပုဂ္ဂိုလ်မှာ တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင်အသင်း အလုပ်အမှုဆောင် အဖွဲ့ ဥက္ကဋ္ဌဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်အသင်းအလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်သောဥက္ကဋ္ဌကို အစားထိုး၍ တာဝန်ပေးအပ်ရမည်။

၃၈။ တိုင်းဒေသကြီး/ ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြုသို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်း အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်လစ်လပ်ပါက အရန်အလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးစီအနက်မှ တန်းစီ ဇယားအရဆန္ဒမဲ အများအနည်းအလိုက်ဖြည့်စွက် အစားထိုး၍တာဝန်ပေးအပ်ရမည်။ ထိုသို့တာဝန်ပေးအပ်သော်လည်း လစ်လပ် ဦးရေသည် အရန်အဖွဲ့ဝင် ဦးရေထက်များနေပါက လိုအပ်သောဦးရေကိုအနီးကပ်ဆုံး နှစ်ပတ်လည်အစည်းအဝေးတွင် ဤစည်းမျဉ်းပါ ရွေးချယ်တင်မြှောက်ပုံ နည်းလမ်းများနှင့်အညီ အစားထိုးရွေးချယ်တင်မြှောက်ရမည်။သို့ရာတွင် ထက်ဝက်အောက်လျော့နည်းနေလျှင် ဖြစ်စေ၊ ထက်ဝက်ကျော်သော်လည်း လုပ်ငန်းဆောင်ရွက်ရာတွင်အခက်အခဲရှိကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်းအလုပ်အမှုဆောင်အဖွဲ့က တင်ပြလာလျှင်ဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အပိုဒ် ၃၀ နှင့်အညီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဤစည်းမျဉ်းများနှင့်အညီ ရွေးချယ်တင်မြှောက်ပွဲများကျင်းပရမည်။

၃၉။ (က)အစားထိုးရွေးချယ်၍ တာဝန်ပေးအပ်ခြင်းခံရသောဗဟိုအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြုသို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်း အသင်းအလုပ်အမှုဆောင် အဖွဲ့ဝင်များကို သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူစေရမည်။

(ခ)အစားထိုးရွေးချယ်၍ တာဝန်ပေးအပ်ခြင်းခံရသောဗဟိုအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြုသို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များတို့၏သက်တမ်းသည် လက်ရှိအမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ ကျန်ရှိနေသော သက်တမ်းနှင့် အညီသာဖြစ်စေရမည်။

## အခန်း ( ၁၄ )

## လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း

၄၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ––

(က) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်း တာဝန်ပေးအပ်ရမည် ––

(၁) ပညာရေးလုပ်ငန်းအဖွဲ့၊

(၂) အားကစားလုပ်ငန်းအဖွဲ့၊

(၃) လူမှုရေးလုပ်ငန်းအဖွဲ့၊

(၄) ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊

(၅) ပြန်ကြားရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊
(၆) ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၊
(၇) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။

(ခ) အပိုဒ်ခွဲ (က) ပါ လုပ်ငန်းအဖွဲ့များဖွဲ့စည်းရာတွင် အဖွဲ့ဝင် ၅ ဦး မှ ၇ ဦးအထိပါဝင်စေလျက် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

| | | | |
|---|---|---|---|
| (၁) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် | ၁ ဦး | ဥက္ကဋ္ဌ |
| (၂) | သင့်လျော်သောအသင်းဝင် | ၄ ဦး မှ ၆ ဦး | အဖွဲ့ဝင် |
| (၃) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက အပိုဒ်ခွဲငယ်(၂)ပါအသင်းဝင်များအနက်မှ ရွေးချယ်တာဝန် ပေးအပ်သူ | ၁ ဦး | အတွင်းရေးမှူး |

၄၁။ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွား သင်တန်းကျောင်းအသင်းများသည် အသင်းဝင်ဦးရေအပေါ်မူတည်၍ လုပ်ငန်းအဖွဲ့များကို အဖွဲ့ဝင် ၅ ဦးမှ ၇ ဦးအထိ ပါဝင်စေလျက် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်-

(က) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ၁ ဦး ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး/ပြည်နယ်ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သမဟုတ် သားဖွား သို့မဟုတ်သူနာပြု-သားဖွားသင်တန်းကောင်းအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်၄ဦးမှ၆ဦးအထိအဖွဲ့ဝင်

(ဂ) အပိုဒ်ခွဲ(ခ)ပါတိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ် သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်သူ ၁ ဦး အတွင်းရေးမှူး

## အခန်း (၁၅)

## ညီလာခံနှင့်နှစ်ပတ်လည်အစည်းအဝေးများကျင်းပခြင်း

၄၂။ ဗဟိုအဖွဲ့ နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့တို့သည် --

(က) ညီလာခံကို ပုံမှန်အားဖြင့် ၄ နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။ သို့ရာတွင်ဗဟိုအဖွဲ့ အဖွဲ့ဝင်ထက်ဝက်ကျော်က ခိုင်လုံသောအကြောင်းပြချက်ဖြင့် ရေးသားတင်ပြလာလျှင် အထူးညီလာခံကိုခေါ်ယူကျင်းပနိုင်သည်။

(ခ) အသင်း၏နှစ်ပတ်လည်အစည်းအဝေးကို ၁ နှစ်တစ်ကြိမ် ပုံမှန်ကျင်းပရမည်။ ထိုသို့ကျင်းပရာတွင် တစ်ကြိမ်နှင့် တစ်ကြိမ်အကြား ၁၈ လထက်မပိုစေရ။ သို့ရာတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌကဖြစ်စေ၊ အဖွဲ့ဝင်ထက်ဝက်ကျော်က ခိုင်လုံသော အကြောင်းပြချက်ဖြင့် ရေးသားတင်ပြလာလျှင်ဖြစ်စေ ဗဟိုအဖွဲ့၏အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၄၃။ ညီလာခံနှင့် နှစ်ပတ်လည်အစည်းအဝေးများကျင်းပရာတွင် တက်ရောက်ခွင့်ရှိသူထက်ဝက်ကျော် တက်ရောက်မှသာ ညီလာခံနှင့်အစည်းအဝေးအထမြောက်သည်။

၄၄။ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွား သင်တန်းကျောင်းအသင်းအလုပ် အမှုဆောင်အဖွဲ့သည်-

(က) ပုံမှန်အစည်းအဝေးကို အနည်းဆုံး ၁ လလျှင် တစ်ကြိမ်ကျင်းပရမည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်အသင်းဖြစ်ပါက ပုံမှန်အစည်းအဝေး၏ ဆောင်ရွက်ချက်များကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့သို့တင်ပြရမည်။

(ဂ) ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်း ကျောင်းအသင်းများဖြစ်ပါက ပုံမှန်အစည်းအဝေး၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အသင်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ပေးပို့ရမည်။

(ဃ) နှစ်ပတ်လည်အစည်းအဝေးကို ၁ နှစ်တစ်ကြိမ် ပုံမှန်ကျင်းပရမည်။ ထိုသို့ကျင်းပရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကသတ်မှတ်ပေးသည့်အတိုင်းတိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းတို့က ယင်းအစည်းအဝေးကို ကျင်းပရမည်။

၄၅။ ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အထူးဖိတ်ကြားခြင်းခံရသည့်ပုဂ္ဂိုလ်များ၊

(ခ) ဗဟိုအဖွဲ့ဝင်အားလုံး၊

(ဂ) အပိုဒ် ၃၁ အရ ရွေးချယ်စေလွှတ်သည့်ညီလာခံကိုယ်စားလှယ်များ၊

(ဃ) ဗဟိုအဖွဲ့ဝင် အဖြစ်အရွေးချယ်ခံရန် အမည်စာရင်းတင်သွင်းထားသူများ၊

၄၆။ အသင်း၏နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်သူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အထူးဖိတ်ကြားခြင်းခံရသည့်ပုဂ္ဂိုလ်များ၊

(ခ) ဗဟိုအဖွဲ့ဝင်အားလုံး၊

(ဂ) အပိုဒ် ၃၁ အရရွေးချယ်စေလွှတ်သည့် ညီလာခံကိုယ်စားလှယ်များ၊

၄၇။ တိုင်းဒေသကြီး/ပြည်နယ်အသင်း၏နှစ်ပတ်လည်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူများမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) အထူးဖိတ်ကြားခြင်းခံရသည့်ပုဂ္ဂိုလ်များ၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်အားလုံး၊

(ဂ) သက်ဆိုင်ရာ ခရိုင်အသင်းအသီးသီးမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ကိုယ်စားလှယ် ၂ ဦးကျစီ၊

(ဃ) မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်း အသင်းများမှ ၂ ဦးစီ ရွေးချယ်စေလွှတ်သောကိုယ်စားလှယ်များ၊

၄၈။ ခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည် --

(က) အထူးဖိတ်ကြားခြင်းခံရသည့်ပုဂ္ဂိုလ်များ၊

(ခ) ခရိုင်အသငးအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၊

(ဂ) သက်ဆိုင်ရာမြို့နယ်၊ဆေးရုံသူနာပြုတက္ကသိုလ်နှင့် သူနာပြုသုမဟုတ် သားဖွား သို့မဟုတ်သူနာပြု သားဖွား သင်တန်းကျောင်း အသင်းအသီးသီးမှ ကိုယ်စားလှယ် ၂ ဦး ကျစီ။

၄၉။ မြို့နယ်၊ဆေးရုံသူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း နှစ်ပတ်လည် အစည်းအဝေးသို့တက်ရောက်ခွင့်ရသူများမှာ အောက်ပါအတိုင်းဖြစ်သည် --

(က) အထူးဖိတ်ကြားခြင်းခံရသည့်ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်ရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၊

(ဂ) သက်ဆိုင်ရာအသင်း၏ အသင်းဝင်များ၊

၅၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ပုံမှန်အစည်းအဝေးကို အောက်ပါအတိုင်းကျင်းပရမည် -

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို ၁ လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးသည် အစည်းအဝေးကျင်းပမည့် နေ့ရက်၊အချိန်၊နေရာနှင့် အစည်း အဝေးအစီအစဉ်တို့ကို အစည်းအဝေးတက် ရောက်သူများသိရှိနိုင်စေရန် အနည်းဆုံး ၁၀ ရက်ကြိုတင်၍ အကြောင်းကြားရ မည်။

(ဂ) အဖွဲ့ဝင်တစ်ဦးဦးသည်အစည်းအဝေးမတက်ရောက်နိုင်ပါကဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌထံ အချိန်မီခွင့်တောင်းရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌကဖြစ်စေ၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ၊အဖွဲ့ဝင်အနည်းဆုံး ထက်ဝက်ကျော်က ဖြစ်စေ အထူးအစည်းအဝေးကျင်းပရန် စာဖြင့်ရေးသားတင်ပြလာလျှင် အထူးအစည်းအဝေးကို ခေါ်ယူ ကျင်းပရမည်။

(င ) အထူးအစည်းအဝေး၌အထူးအစည်းအဝေးခေါ်ယူရသည့်ကိစ္စကိုသာဆွေးနွေးဆုံးဖြတ်ရမည်။ အထူးအစည်းအဝေး၏ဆုံးဖြတ်ချက်ကိုအနီးကပ်ဆုံးဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ပုံမှန်အစည်းအဝေးတွင်တင်ပြ၍ အတည် ပြုချက်ရယူရမည်။

(စ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင်တစ်ဦးသည် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ခွင့်မဲ့ ၃ ကြိမ်ဆက်တိုက် အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်လျှင်အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်စေရမည်။

(ဆ) ဗဟိုအလုပ်အမှုဆောင်အ ဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင်အစည်းအဝေးအထမြောက်

သည်။ အစည်းအဝေးအထမြောက်ခြင်းမရှိပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် နောက်တစ်ကြိမ် အစည်းအဝေး ကို ၃ ရက်အတွင်းခေါ်ယူ၍ တက်ရောက်လာသော အဖွဲ့ဝင်များဖြင့်ကျင်းပရမည်။

(ဇ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌသည်အစည်းအဝေးတွင်သဘာပတိအဖြစ်ဆောင်ရွက်ရမည်။အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်ပါက ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။

(ဈ) အစည်းအဝေးတွင်အထူးတင်ပြလိုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍အစည်းအဝေးသဘာပတိ၏ခွင့်ပြုချက်ရရှိမှသာဆွေးနွေးရမည်။

(ည) သဘာပတိသည် အစည်းအဝေးတွင် အရေးပေါ်ကိစ္စတစ်ရပ်ရပ်ကို ဆုံးဖြတ်ရန်ရပါက ဖြောင်မဲစနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ ဆန္ဒမဲပေးပြီးဆုံးဖြတ်ရမည်။ ဆန္ဒမဲအရေအတွက်တူညီနေလျှင် သဘာပတိ၏မဲသည် အဆုံးအဖြတ်ဖြစ်သည်။

(ဋ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးသည် အစည်းအဝေးတက်ရောက်သူများ၊ ခွင့်တောင်းခံသူများ၊ ပျက်ကွက်သူများ၊ အစည်းအဝေးဆွေးနွေးချက်မားနှင့် ဆုံးဖြတ်ချက်များကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

## အခန်း ( ၁၆ )

## ဗဟိုအဖွဲ့ဝင်၊အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့်အသင်းဝင်အဖြစ်မှနုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ရပ်ဆိုင်းခြင်းနှင့်ရပ်စဲခြင်း

၅၁။ (က) ဗဟိုအဖွဲ့ဝင်တစ်ဦးဦးသည် ဗဟိုအဖွဲ့မှနုတ်ထွက်လိုပါက ဗဟိုအဖွဲ့သို့စာဖြင့်တင်ပြမည်။

(ခ) ဗဟိုအဖွဲ့သည် လျှောက်ထားချက်ကိုစိစစ်ပြီး နုတ်ထွက်ခွင့်ပြုနိုင်သည်။

၅၂။ (က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှနုတ်ထွက်လိုပါက ဗဟိုအလုပ် အမှုဆောင်အဖွဲ့သို့ စာဖြင့်တင်ပြရမည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင်အသငးအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးသည် အလုပ်အမှုဆောင်အဖွဲ့မှ နုတ်ထွက်လိုပါက သက်ဆိုင်ရာအသင်း အလုပ်အမှုဆောင်အဖွဲ့သို့ စာဖြင့်တင်ပြရမည်။သက်ဆိုင်ရာအလုပ် အမှုဆောင်အဖွဲ့သည် ထိုလျောက်ထားချက်များနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဂ) မြို့နယ်၊ ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွား သင်တန်း ကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးဖြစ်စေ ၊အသင်းဝင်တစ်ဦးဦးဖြစ်စေ နုတ်ထွက်လိုပါက သက်ဆိုင်ရာအသင်းအလုပ်အမှုဆောင်အဖွဲ့သို့

စာဖြင့်တင်ပြရမည်။ သက်ဆိုင်ရာအသင်းအလုပ်အမှုဆောင်အဖွဲ့ သည် ထိုလျှောက်ထားချက်ကို သဘောထားမှတ်ချက်ဖြင့် ခရိုင်နှင့်တိုင်းဒေသကြီး/ ပြည်နယ်အသင်းများမှတဆင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ဆက်လက်တင်ပြရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အပိုဒ်ခွဲ(က)(ခ)(ဂ)များအရစာဖြင့်တင်ပြချက်များကိုစိစစ်ပြီး နုတ်ထွက် ခွင့်ပြုနိုင်သည်။

၅၃။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းဝင်တစ်ဦးဦးအား အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက အသင်းဝင်အဖြစ်မှ ထုတ်ပယ်ရမည်–

(က) သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားမှတ်ပုံတင်တစ်ခုခုကို ပယ်ဖျက်ခံရသူဖြစ်ခြင်း၊

(ခ) အသင်း၏ညွှန်ကြားချက်နှင့်စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်းဗဟိုအလုပ်အမှုဆောင အဖွဲ့က သတ်မှတ်ခံရသူဖြစ်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရထောင်ဒဏ်ချမှတ်ခြင်းခံရသောအသင်းဝင်အားကျူးလွန်သည့်ပြစ်မှုအ ပေါ်မူတည်၍အသင်းဝင်အဖြစ်ဆက်လက်မထားသင့်ကြောင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ ခံရသူဖြစ်ခြင်း၊

(စ) အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ခံယူခြင်း၊

၅၄။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းဝင်တစ်ဦးဦးအား အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက အသင်းဝင်အဖြစ်မှ ကာလသတ်မှတ်ချက်ဖြင့်ယာယီရပ်ဆိုင်းနိုင်သည်–

(က) သူနာပြု သားဖွားနှင့်အသင်း၏ဂုဏ်သိက္ခာကိုထိခိုက်စေရန်ပြုမူပြောဆိုခြင်း၊

(ခ) သတ်မှတ်ထားသော နှစ်စဉ်ကြေးကို တစ်ဆက်တည်း ၃ နှစ်ပေးသွင်းရန် ပျက်ကွက်ခြင်း၊

၅၅။ အသင်းဝင်တစ်ဦးဦးသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက အသင်းဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်ရမည်–

(က) ခိုင်လုံသောအကြောင်းမရှိဘဲ အသင်း၏လုပ်ငန်းများနှင့် ၃ နှစ်ကျော်တစ်ဆက်တည်း ကင်းကွာမှုရှိခြင်း၊

(ခ) ရူးသွပ်ခြင်း၊

(ဂ) သေဆုံးခြင်း၊

(ဃ) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

## အခန်း(၁၇)

## ဘဏ္ဍာရေး

၅၆။ အသင်း၏ဘဏ္ဍာရေးနှစ်သည် နှစ်စဉ်ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး ဒီဇင်ဘာ ၃၁ ရက်နေ့တွင်ကုန်ဆုံးသည်။

၅၇။ အသင်း၏ရန်ပုံငွေကိုအသင်းဝင်များ၏အသင်းဝင်ကြေး၊နှစ်စဉ်ကြေးနှင့်ရာသက်ပန်အသင်းဝင်ကြေးများဖြင လည်းကောင်း ၊ အခြားရငွေများဖြင့်လည်းကောင်း ထူထောင်ရမည်။

၅၈။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့အသီးသီးသည်–

(က) ရငွေနှင့်သုံးငွေများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊သုံးစွဲခြင်း၊စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းပြုရမည်။

(ခ) ရန်ပုံငွေတိုးပွားစေရန် အသင်းပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်နှင့်အညီငှားရမ်းခြင်း၊ရောင်းချခြင်းနှင့်အခြားတစ်နည်းနည်း ဖြင့်စီမံဆောင် ရွက်ခြင်းတို့ပြုနိုင်သည်။

(ဂ) အသင်း၏ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးရန်လိုအပ်ပါက မှတ်ပုံတင်စာရင်းကိုင်ဖြင့် စစ်ဆေးနိုင်သည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွား သင်တန်းကျောင်းအသင်းတို့သည် မိမိတို့၏ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးနိုင်သည်။

## အခန်း(၁၈)

## အထွေထွေ

၅၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဤအခြေခံစည်းမျဉ်းပါ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကိုဖွဲ့စည်းပြီး လိုအပ်သောဝန်ထမ်းများအား ခန့်ထားနိုင်သည်။

၆၀။ အသင်း၏ အခြေခံစည်းမျဉ်းတစ်ရပ်ရပ်ကို ပြင်ဆင်ရန်လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် ––

(က) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအနက်ပြင်ဆင်လိုသောကိစ္စရပ်ရှိပါက ယင်းကိစ္စရပ်အတွက် ကြောင်းကျိုး ဖော်ပြချက်နှင့်တကွ အသင်းညီလာခံမတိုင်မီ အနည်းဆုံး ၃ လကြိုတင်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြရမည်။

(ခ) ပြောင်းလဲလာသောခေတ်စနစ်အခြေအနေပေါ်မူတည်၍ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲလိုသောအပိုင်းကို ဗဟိုအဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ငါးဆယ်ရာခိုင်နှုန်းက တင်ပြတောင်းဆိုလာလျှင် သင့်တော်သည့်အသင်းဝင် သူနာပြုနှင့်သားဖွားများဖြင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) အခြေခံစည်းမျဉ်းပြင်ဆင်ရေးဆွဲရေးကော်မတီက ရေးဆွဲတင်ပြလာသောမူကြမ်းကို ညီလာခံနှင့်နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးညီလာခံနှင့် အထူးအစည်းအဝေးတက်ရောက်သူ ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းက သဘောတူလျှင်အတည်ပြုနိုင်သည်။

(ဃ) အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း၏ ညီလာခံမကျင်းပနိုင်ခဲ့လျှင် လက်ရှိဗဟိုအဖွဲ့နှင့်ဗဟို အလုပ်အမှုဆောင်အဖွဲ့သည် အဖွဲ့သစ်များဖွဲ့စည်းပြီးသည်အထိ ဆက်လက်တာဝန်ယူရမည်။

(င) ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွား သင်တန်းကျောင်းအသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့များ၏ သက်တမ်းသည် ညီလာခံ၏သက်တမ်းနှင့်အညီဖြစ်သည်။

၆၁။ (က) အသစ်ဖွဲ့စည်းသောဗဟိုအဖွဲ့နှင့်ဗဟိုအလပ်အမှုဆောင်အဖွဲ့တို့သည်ယင်းတို့ဖွဲ့စည်းပြီးသည့်နေ့မှစ တင်၍ တာဝန် ထမ်းဆောင်ရမည်။

(ခ) ဗဟိုအဖွဲ့နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့သည်မိမိတို့တာဝန်ထမ်းဆောင်စဉ်ကရှခဲ့သောလုပ်ငန်း၊ အသင်းပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့မပြောင်းနိုင်သောပစ္စည်း၊အသင်း၏ရန်ပုံငွေနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သောစမံကိန်း၊စီမံချက်လုပ်ငန်းများမှရရှိသည့်ရန်ပုံငွေ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊အသင်း၏ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များ၊ စာရင်းဇယားများ၊ စာရွက်စာတမ်းများ၊ အထောက်အထားအပြည့်အစုံတို့ကိုလည်းကောင်း၊ အသစ်ဖွဲ့စည်းသောဗဟိုအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ ရက်ပေါင်း **၃၀** အတွင်း လွှဲပြောင်းပေးအပ်ရမည်။

၆၂။ (က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူသည် တစ်ဆက်တည်းဖြစ်သောသက်တမ်းနှစ်ကြိမ်သာ ဆောင်ရွက်ခွင့် ရှိသည်။

(ခ) ဗဟိုအဖွဲ့ဝင်များ၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြု တက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သုမဟုတ် သူနာပြု–သားဖွား သင်တန်းကျောင်းအသင်း အလုပ် အမှုဆောင်အဖွဲ့ဝင်များ၏ သက်တမ်းသည်ပုံမှန်အားဖြင့် **၄** နှစ်ဖြစ်သည်။

၆၃။ ဗဟိုအဖွဲ့ဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့်တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ

နှင့်သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု – သားဖွား သင်တန်းကျောင်းအသင်းရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသည် ရွေးချယ် တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိစေရ။

၆၄။ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း အခြေခံစည်းမျဉ်း(၂၀၁၂)ကို ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဖြင့် လွှမ်းခြုံလိုက်သည်။

၆၅။ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ လုပ်ငန်းကိစ္စရပ် များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်–

(က) လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့်ရေးဆွဲထုတ်ပြန်ရမည်။

(ခ) လိုအပ်ပါက အသင်းဝင်များအတွက် စည်းမျဉ်းစည်းကမ်းများ ညွှန် ကြားချက်များထုတ်ပြန်နိုင်သည်။

၆၆။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့မှ(၂၇)ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပသော မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ဗဟိုအဖွဲ့အထူးအစည်းအဝေး– ၂၀၁၄တွင် အသင်းဝင်ကိုယ်စား လှယ်များက သဘောတူအတည်ပြုသည်။**

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း**

**အခန်း(၁၉)** **နောက်ဆက်တွဲ**

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း**

**ဗဟို၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်၊**

**သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းအသီးသီးတို့၏ဖွဲ့စည်းပုံ**



ပုံစံ (၁)

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း**
**အသင်းဝင်ခွင့်လျှောက်လွှာ**
**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၁၅ (က)**

သို့

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
............................................မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ
အလုပ်အမှုဆောင်အဖွဲ့
................................သူနာပြုနှင့်သားဖွားအသင်း
............................................................ မြို့။

အကြောင်းအရာ။ **မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ အသင်းဝင်အဖြစ်ဝင်ခွင့်ပြုရန် လျှောက်ထားခြင်း။**

၁။ ကျွန်တော်/ကျွန်မသည် အောက်ဖော်ပြပါအတိုင်း အချက်အလက်များကိုဖြည့်စွက်၍ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ ဝင်ခွင့်ပြုနိုင်ရန် မိမိဆန္ဒအရ လျှောက်ထားအပ်ပါသည်။

(က) အမည် ........................................................................ အဘအမည် ........................................................

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ........................................................ မွေးနေ့သက္ကရာဇ် ........................................

(ဂ) ရာထူး/အလုပ်အကိုင် ........................................................................................................................

(ဃ) ဌာန ........................................................................................................................................

(င) နေရပ်လိပ်စာ ............................................................................................................................

(စ) ပညာအရည်အချင်း၊ ........................................................................................................................

(ဆ) သူနာပြု၊သားဖွား၊သူနာပြု–
သားဖွားမှတ်ပုံတင်အမှတ် ..................................................................................................

၂။ ဤလျှောက်လွှာနှင့်အတူ သူနာပြု၊သားဖွား၊သူနာပြု–သားဖွားမှတ်ပုံတင်မိတ္တူနှင့် လျှောက်ထားသူ၏ ပတ်စ်ပို့ ဓာတ်ပုံ ၃ ပုံပူးတွဲ၍ တင်ပြအပ်ပါသည်။

အထက်ပါ အချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ............................................
လျှောက်ထားသူအမည် ..........................

ရက်စွဲ ..........................................

၁။ ထောက်ခံသူလက်မှတ် ........................................ ၂။ ထောက်ခံသူလက်မှတ် ........................................
ထောက်ခံသူအမည် ........................................ ထောက်ခံသူအမည် ........................................
သူနာပြု၊သားဖွား၊သူနာပြု–သားဖွားမှတ်ပုံတင်အမှတ် .............. သူနာပြု၊သားဖွား၊သူနာပြု–သားဖွားမှတ်ပုံတင်အမှတ် ........
အသင်းဝင်အမှတ် ........................................ အသင်းဝင်အမှတ် ........................................

သက်ဆိုင်ရာအသင်းအလုပ်အမှုဆောင်အဖွဲ့၏သဘောထားမှတ်ချက် ........................................................................

ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏မှတ်ချက် ------------------------------------------------------------

မှတ်ချက်။ <u>မလိုသည့်စာသားကို ဖျက်ရန်။</u>

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း**
**ရာသက်ပန်အသင်းဝင်အဖြစ်အသိအမှတ်ပြုရန်လျှောက်လွှာ**
**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၁၅ (ခ)**

သို့

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
................................... မြို့။

မှတစ်ဆင့်

ဥက္ကဋ္ဌ
အလုပ်အမှုဆောင်အဖွဲ့
...................................သူနာပြုနှင့်သားဖွားအသင်း
................................... မြို့။

အကြောင်းအရာ ။ **မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ ရာသက်ပန်အသင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်ရန် လျှောက်ထားခြင်း။**

၁။ ကျွန်တော်/ကျွန်မသည် အောက်ဖော်ပြပါ အချက်အလက်များကိုဖြည့်စွက်၍ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ ရာသက်ပန်အသင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်ရန် မိမိဆန္ဒအရ လျှောက်ထားအပ်ပါသည်။

(က) အမည် ...................................အဘအမည် ...................................
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ...................................မွေးသက္ကရာဇ် ...................................
(ဂ) ရာထူး/အလုပ်အကိုင် ...................................
(ဃ) ဌာန ...................................
(င) နေရပ်လိပ်စာ ...................................
(စ) ပညာအရည်အချင်း၊ ...................................
(ဆ) သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်အမှတ် ...................................
(ဇ) အသင်းဝင်သည့်နေ့ ...................................
(ဈ)အသင်းဝင်အမှတ် ...................................

၂။ ဤလျှောက်လွှာနှင့်အတူ သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်မိတ္တူနှင့် လျှောက်ထားသူ၏ ပတ်စ်ပို့ဓာတ်ပုံ ၃ ပုံပူးတွဲ၍ တင်ပြအပ်ပါသည်။

အထက်ပါ အချက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ...................................
လျှောက်ထားသူအမည် ...................................

ရက်စွဲ ...................................

၁။ ထောက်ခံသူလက်မှတ် ...................................
ထောက်ခံသူအမည် ...................................
သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်အမှတ် ...................................
အသင်းဝင်အမှတ် ...................................

၂။ထောက်ခံသူလက်မှတ် ...................................
ထောက်ခံသူအမည် ...................................
သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်အမှတ်
အသင်းဝင်အမှတ် ...................................

သက်ဆိုင်ရာအသင်းအလုပ်အမှုဆောင်အဖွဲ့၏သဘောထားမှတ်ချက် ...................................
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏မှတ်ချက်...................................
မှတ်ချက်။ <u>မလိုသည့်စာသားကို ဖျက်ရန်</u>

# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
# အရန်အသင်းဝင်အဖြစ်အသိအမှတ်ပြုရန်လျှောက်လွှာ
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၁၅ (က)

သို့

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
.................................... မြို့။

မှတစ်ဆင့်

ဥက္ကဋ္ဌ
အလုပ်အမှုဆောင်အဖွဲ့
....................................သူနာပြုနှင့် သားဖွားအသင်း
.................................... မြို့။

အကြောင်းအရာ ။ **<u>မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ အရန်အသင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်ရန် လျှောက ထားခြင်း။</u>**

၁။ ကျွန်တော်/ကျွန်မသည်အောက်ဖော်ပြပါ အချက်အလက်များကိုဖြည့်စွက်၍ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ အရန်အသင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်ရန် မိမိဆန္ဒအရလျှောက်ထားအပ်ပါသည်။

(က) အမည် ....................................အဘအမည် ....................................
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....................မွေးသက္ကရာဇ် ....................
(ဂ) ရာထူး/အလုပ်အကိုင် ....................................
(ဃ) ဌာန ....................................
(င) နေရပ်လိပ်စာ ....................................
(စ) ပညာအရည်အချင်း၊ ....................................
(ဆ) ခုံအမှတ် ....................................

၂။ ဤလျှောက်လွှာနှင့်အတူ ကျောင်းသားစိစစ်ရေးကတ်မိတ္တူနှင့်လျှောက်ထားသူ၏ ပတ်စ်ပို့ဓာတ်ပုံ ၃ ပုံပူးတွဲ၍ တင်ပြအပ်ပါသည်။

အထက်ပါ အချက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ....................................
လျှောက်ထားသူအမည် ....................................

ရက်စွဲ ....................................

၁။ ထောက်ခံသူလက်မှတ် ....................................၂။ထောက်ခံသူလက်မှတ် ....................................
ထောက်ခံသူအမည် .................................... ထောက်ခံသူအမည် ....................................
သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်အမှတ်..........သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်အမှတ်
အသင်းဝင်အမှတ် ....................................အသင်းဝင်အမှတ် ....................................

သက်ဆိုင်ရာအသင်းအလုပ်အမှုဆောင်အဖွဲ့၏သဘောထားမှတ်ချက်....................................
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏မှတ်ချက်....................................

မှတ်ချက်။ <u>မလိုသည့်စာသားကို ဖျက်ရန်။</u>

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ပုံစံ–၄

အသင်းဝင်ကတ်ပြား

အခြေခံစည်းမျဉ်း အပိုဒ် ၁၆ (ခ)

ရှေ့ဘက်

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း**

**အသင်းဝင်ကတ်ပြား**

အမည်..........................................................................................................

အဘအမည်......................................................................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်.......................................................................

သူနာပြု၊သားဖွား၊သူနာပြု–သားဖွားမှတ်ပုံတင်အမှတ် ...................................................

အသင်းဝင်အမှတ်.............................................................................................

နောက်ကျောဘက်

မွေးသက္ကရာဇ်

..........................................................................................................

နေရပ်လိပ်စာ ..............................................................................................

..........................................................................................................

အသင်းဝင်သည့်ရက်စွဲ .....................................................................................

အသင်းအမည်...............................................................................................

ထုတ်ပေးသည့်ရက်စွဲ ......................................................................................

ဥက္ကဋ္ဌ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ကိုင်ဆောင်သူလက်မှတ်

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း **ပုံစံ(၅)**
ရာသက်ပန်အသင်းဝင်ကတ်ပြား

အခြေခံစည်းမျဉ်း အပိုဒ် ၁၆ (ခ)

ရှေ့ဘက်

# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
## အရန်အသင်းဝင်ကတ်ပြား

အမည်..............................................................................................................................

အဘအမည်..........................................................................................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်.......................................................................................

ခုံအမှတ် ............................................................................................................................

အရန်အသင်းဝင်အမှတ်..........................................................................................................

နောက်ကျောဘက်

မွေးသက္ကရာဇ် .....................................................................................................

နေရပ်လိပ်စာ .......................................................................................................

.......................................................................................................

အသင်းဝင်သည့်ရက်စွဲ .........................................................................................

အသင်းအမည်.........................................................................................................
ထုတ်ပေးသည့်ရက်စွဲ ..........................................................................................

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ကိုင်ဆောင်သူလက်မှတ်
မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

ပုံစံ(၇)

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း

ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရန် အမည်စာရင်းတင်သွင်းလွှာ

သို့

ဥက္ကဋ္ဌ

-ဗဟိုရွေးချယ်တင်မြှောက်ရေးအဖွဲ့

-တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊ သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့

------------------------------ မြို့။

အကြောင်းအရာ။ ။ **<u>အမည်စာရင်းတင်သွင်းခြင်း။</u>**

၁။ ကျွန်တော်/ကျွန်မသည် ____________________ရက်နေ့တွင်ကျင်းပမည့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဗဟိုအဖွဲ့ဝင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံလိုပါသဖြင့် အောက်ဖော်ပြပါ အချက်အလက် များကိုဖြည့်စွက်၍ မိမိဆန္ဒအရ အမည်စာရင်းတင်သွင်းအပ်ပါသည် --

(က) အမည်......................................................................

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................

. (ဂ) ရာထူး၊ဌာန..................................................................

(ဃ) နေရပ်လိပ်စာ................................................................

(င) ပညာအရည်အချင်း၊ ..........................................................

(စ) အရန်အသင်းဝင်၊အသင်းဝင်၊ရာသက်ပန်အသင်းဝင်အမှတ်နှင့်ရက်စွဲ ...........................

(ဆ) သူနာပြု၊သားဖွား၊သူနာပြု-သားဖွားမှတ်ပုံတင်အမှတ်၊ခုံအမှတ်အမှတ်ရက်စွဲ .......................

(ဇ) ဌာနဆိုင်ရာပြစ်မှုတစ်ရပ်ရပ်ဖြင့်ပြစ်ဒဏ်ချမှတ်ခံရဖူးခြင်းရှိ/မရှိ ..................................

(ဈ) မြန်မာနိုင်ငံသနာပြုနှင့်သားဖွားကောင်စီဥပဒေအရအရေးယူအပြစ်ပေးခံရဖူးခြင်းရှိ/မရှိ.........................

(ည) အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍တည်ဆဲဥပဒေအရအရေးယူအပြစ်ပေးခံရဖူးခြင်းရှိ/မရှိ .........................

(ဋ) ဗဟိုအဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရပါကလုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်ခြင်းရှိ/မရှိ ..........

(ဌ) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းတွင်အလုပအမှုဆောင်အဖြစ်ဆောင်ရွက်ဖူးခြင်းရှိ/မရှိ ................

၂။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊ မြို့နယ်၊ ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက် ခံလိုသူ၏ ကိုယ်ရေးမှတ်တမ်း (ပုံစံ-၈)ကို ပူးတွဲ၍ တင်ပြအပ်ပါသည်။

အထက်ပါအချက်အလက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်

.........................................................................

အမည်

.........................................................................

အမည်စာရင်းတင်သွင်းသူ

ရက်စွဲ --------------------

၁။ထောက်ခံသူလက်မှတ် ..................................................

ထောက်ခံသူအမည် ..................................................

သူနာပြုသားဖွားသူနာပြု-သားဖွားမှတ်ပုံတင်အမှတ် ........................

ရာသက်ပန်အသင်းဝင်အမှတ် ..................................................

၂။ထောက်ခံသူလက်မှတ် ..................................................

ထောက်ခံသူအမည် ..................................................

သူနာပြုသားဖွားသူနာပြု-သားဖွားမှတ်ပုံတင်အမှတ် ........................

ရာသက်ပန်အသင်းဝင်အမှတ် ..................................................

မှတ်ချက်။ <u>မလိုသည့်စာသားကို ဖျက်ရန်။</u>

ပုံစံ ( ၈ )

# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း
# ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု–သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံလိုသူ၏ ကိုယ်ရေးမှတ်တမ်း

၁။ အမည်..............................................................................................................................
၂။ အသက် (မွေးသက္ကရာဇ်) ...........................................................................................
၃။ မွေးရာဇာတိ .................................................................................................................
၄။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ..................................................................................
၅။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................................................................
၆။ လက်ရှိအလုပ်အကိုင်၊ ရာထူးနှင့် ဌာန ..........................................................................
၇။ မိဘအမည် .....................................................................................................................
၈။ ဇနီး/ခင်ပွန်းအမည်နှင့် အလုပ်အကိုင် .........................................................................
၉။ လက်ရှိနေရပ်လိပ်စာ/ဖုန်းနံပါတ်...............................................................................
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ..............................................................................................
၁၁။ ပညာအရည်အချင်း.......................................................................................................
၁၂။ နိုင်ငံခြားသို့ သွားရောက်ဖူးခြင်း ရှိ/မရှိ ........................................................................
ရှိပါက သွားရောက်ခဲ့သော ကိစ္စနှင့် သွားရောက်ခဲ့သောနိုင်ငံ၊ ကာလ ..................................................
..................................................................................................................................
..................................................................................................................................
၁၃။ အရန်အသင်းဝင်၊အသင်းဝင်အမှတ်နှင့် ရက်စွဲ ............................................................
၁၄။ ရာသက်ပန်အသင်းဝင်အမှတ်နှင့် ရက်စွဲ .....................................................................
၁၅။ တာဝန်ထမ်းဆောင်ခဲ့သော နေရာဌာနများ

| မှ | ထိ | ရာထူး | ဌာန | မြို့ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

ရက်စွဲ ...........................................

**မှတ်ချက်။** <u>**မလိုသည့်စာသားကို ဖျက်ရန်။**</u>

လက်မှတ် .............................
အမည် ...............................

**ပုံစံ (၉)**

မန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့် သူနာပြု သို့မဟုတ် သားဖွား
သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်
ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသော
အလုပ်အမှုဆောင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်း

| အမှတ်စဉ် | အမည် | နိုင်ငံသား စိစစ်ရေး ကတ်ပြား အမှတ် | အရန်အသင်းဝင်၊ အသင်းဝင်၊ ရာသက်ပန် အသင်းဝင် အမှတ်နှင့်ရက်စွဲ | ရာထူး/ ဌာန/ အလုပ် အကိုင် | နေရပ် လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |

ဥက္ကဌ

ဗဟို၊......................တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ
သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း၊

***ရွေးချယ်တင်မြှောက်ရေးအဖွဲ့***

ရက်စွဲ ----------------

မှတ်ချက်။ မလိုသည့်စာသားကို ဖျက်ရန်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း **ပုံစံ (၁၀)**

ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်

သူနာပြု-သားဖွားသင်တန်းကျောင်းအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်ရွေးချယ်တင်မြှောက်ပွဲ

မဲဆန္ဒရှင်များ၏ အမည်စာရင်းနှင့်မဲဆန္ဒပြုလွှာထုတ်ပေးခြင်းမှတ်တမ်း

| အမှတ်စဉ် | မဲဆန္ဒပေးပိုင်ခွင့်ရှိသူအမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | အသင်း/ဌာန | သူနာပြု သားဖွား၊သူနာပြု-သားဖွား မှတ်ပုံတင်အမှတ် | အရန်အသင်းဝင်၊ အသင်းဝင်၊ ရာသက်ပန်အသင်းဝင် အမှတ်နှင့် ရက်စွဲ | လက်မှတ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |

ဥက္ကဋ္ဌ

ဗဟို၊......................တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ

သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း

**ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

ရက်စွဲ ----------------------

မှတ်ချက်။ <u>မလိုသည့်စာသားကို ဖျက်ရန်။</u>

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း **ပုံစံ (၁၁)**

ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်
သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း
အလုပ်အမှုဆောင်အဖွဲ့ဝင်ရွေးချယ်တင်မြှောက်ပွဲ မဲဆန္ဒပြုလွှာ

| အမှတ်စဉ် | အဖွဲ့ဝင်လောင်း အမည် | အရန်အသင်းဝင်၊ အသင်းဝင်၊ ရာသက်ပန် အသင်းဝင်အမှတ် | သူနာပြု၊ သားဖွား မှတ်ပုံတင်အမှတ် | မဲဆန္ဒပြုခြင်း (✓) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

မှတ်ချက်။ (၁) မဲဆန္ဒရှင်သည် အရွေးခံခွင့်ရှိသော အမည်စာရင်း တင်သွင်းထားသည့် အမှုဆောင် လောင်းများ အနက် (     ) ဦးထက်ပို၍ ဆန္ဒမပြုရ။

(၂) ထောက်ခံဆန္ဒပြုလိုသူများ၏အမည်နှင့်ယှဉ်၍ စာတိုင်(၅)တွင် အမှန်အမှတ်အသား (✓) ဖော်ပြရမည်။

(၃) သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်မညီသော မဲဆန္ဒပြုလွှာကို ပယ်မဲအဖြစ် သတ်မှတ်ခြင်း ခံရမည်။

ဥက္ကဋ္ဌ
ဗဟို.......................တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ
သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း

**ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

ရက်စွဲ ---------------------

မှတ်ချက်။ မလိုသည့်စာသားကို ဖျက်ရန်။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း **ပုံစံ (၁၂)**

၂၀ - ၂၀ ခုနှစ် အတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသော

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း

ဗဟိုအဖွဲ့ဝင်၊အရန်ဗဟိုအဖွဲ့ဝင်၊တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ၊သူနာပြုတက္ကသိုလ်နှင့်

သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း

အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်အရန်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏အမည်စာရင်း

| အမှတ်စဉ် | အမည် | အသက | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ရာထူး/ဌာန/အလုပ်အကိုင် | အရန်အသင်းဝင်၊ အသင်းဝင်၊ရာသက်ပန်အသင်းဝင်အမှတ်နှင့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

(.......................................)

**ဥက္ကဋ္ဌ**

ဗဟို၊.......................တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ

သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း

**ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

ရက်စွဲ --------------------

ပုံစံ (၁၃)

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း

၂၀ - ၂၀ ခုနှစ် အတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသော

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း

ဗဟိုအလုပ်အမှုဆောင်များနှင့်အရန်ဗဟိုအလုပ်အမှုဆောင်များ၏ အမည်စာရင်း

| အမှတ်စဉ် | အမည် | အသက် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ရာထူး/ဌာန/အလုပ်အကိုင် | ရာသက်ပန်အသင်းဝင်အမှတ်နှင့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

(.......................................)

ဥက္ကဌ

ဗဟို/.......................တိုင်းဒေသကြီး/ပြည်နယ်၊ခရိုင်၊မြို့နယ်၊ဆေးရုံ

သူနာပြုသို့မဟုတ်သားဖွားသို့မဟုတ်သူနာပြု-သားဖွားသင်တန်းကျောင်းအသင်း

**ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

ရက်စွဲ --------------------

# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၆–၂၇) ရက်